# သတင်းလွှာ

- ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်း
- သတင်းအတို
- ပညာရှိအဆိုအမိန့်
- ဟာသ
- ပဗေင်
- အားကစား
- အနုပညာ

အတွဲ(၄)၊အမှတ်(၁၃)။

၂၀၁၀ ခုနှစ်၊ဖေဖော်ဝါရီလ(၂၆)ရက်၊သောကြာနေ့

## ပြည်ပပို့ပဲမျိုးစုံဈေးအမြင့်နှင့်စတင်သော်လည်းဝယ်အားမလိုက်

ပဲပေါ်စရာသီတွင် ပြည်ပသို့တင်ပို့ ပဲဈေးနှုန်းများမှာ ယခင်နှစ်စထွက်အချိန်ထက် ထက်ဝက်ခန့်ဈေးတက်နေရာအဆိုပါဈေးအားပြည်ပမှမလိုက်နိုင်သောကြောင့်အဝယ်လည်း လျော့သွားကြောင်း ပြည်ပသို့ ပဲတင်ပို့ရောင်းချသော ကုမ္ပဏီများမှ တာဝန်ရှိသူတို့က ပြောသည်။ ယမန်နှစ်စပိုင်း ပဲစပေါ်စဉ်က ဈေးနှုန်းမှာ ပုံမှန်အတိုင်းဖြစ်ခဲ့သော်လည်း နှစ်လယ်ပိုင်းတွင်မူ အိန္ဒိယဘက်မှအဝယ်လိုက်မှုကြောင့် ဈေးနှုန်းများမြင့်တက်ခဲ့သည်။ နှစ်ကုန်ပိုင်း၌ပဲတင်ပို့မှုရပ်ဆိုင်းသွားချိန်တွင်လည်း ဈေးအမြင့်ဖြင့်သာပိတ်ခဲ့ခြင်းကြောင့်ကုန်သည်များက ယခုနှစ်တွင်ဈေးအမြင့်နှင့်သာစဖွင့်မည်ဖြစ်ကြောင်းခန့်မှန်းခဲ့ကြသည်။ ယခုနှစ်မတ်ပဲပေါ်စရာသီ ဖေဖော်ဝါရီလတွင် အက်စ်ကျူအာရ်စီ မတ်ပဲတစ်တန်လျှင်အမေရိကန် ဒေါ်လာ ၈၃၀မှ ၈၄၀၊ အာရ်စီမတ်ပဲမှာ 'ကန်'ဒေါ်လာ ၇၃၀- ၇၄၀ နှင့် အရောမှာ ' ကန်'ဒေါ်လာ ၇၀၀နီးပါးစသည့်ဖြင့်ဈေးဖွင့်ခဲ့သည်။ ပဲတီစိမ်းမှာမူ တစ်တန်လျှင်ကျပ် ၁၀,၀၇၀,၀၀၀ ရှိကာ ပဲစင်းငုံမှာမူ ကျပ် ၈၅၀,၀၀၀တွင်ရှိနေပြီးဈေးမပြောင်းလဲပဲရှိသည်။ ယခုနှစ်တွင် ထိုကဲ့သို့ ပြည်ပပို့ပဲမျိုးစုံ၏ ဈေးနှုန်းများမှာ အမြင့်ဆုံးသို့ ရောက်ရှိနေသော်လည်း ဝယ်လိုအားမှာမူ ယခင်နှစ် ဝက်ကနှင့်စာလျှင် ၄၀ရာခိုင်နှုန်းမျှကျဆင်းသွားခဲ့သည်။ "အိန္ဒိယဘက်က အဝယ်လိုက်မယ်ဆိုရင်တော့ ဈေးသိပ်ကျဖို့မရှိဘူး။ ဒီလိုမဟုတ်ဘဲ သူတို့ဘက်ကလည်းတင်းခံနေမယ်ဆိုရင်တော့ ဒီဘက်ကကုန်သည်တွေက ဝယ်လိုအားပြန်ကောင်းလာအောင် ဈေးချပေးရလိမ့်မယ်" ဟုဂင်း ကပြောသည်။ ယခုနှစ်တွင် မတ်ပဲနှင့်ပဲစင်းငုံမှာ အထွက်နှုန်းကောင်းမွန်၍တစ်ဧကလျှင် ၃၀ရာခိုင်နှုန်းဝန်းကျင် ပိုမိုထွက်ရှိသော်လည်း ပဲတီစိမ်းမှာ သီးနှံပိုးကျမှုများရှိခြင်းကြောင့် အထွက်နှုန်း လျော့ကြောင်းဘုရင့်နောင်ကုန်စည်ဒိုင်ရှိ အဆိုပါပဲများ ရောင်းဝယ်နေသောပွဲရုံတစ်ခုမှပြောကြားကြောင်း၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ၂၆ရက်နေ့ထုတ် မြန်မာတိုင်းဂျာနယ်တွင်ဖော်ပြထားပါသည်။

## ထိုင်းနယ်စပ် မယ်ဟောင်ဆောင်က မြန်မာနဲ့ တရားဝင်ကုန်သွယ်မှုပိုလုပ်ချင်

ထိုင်းနိုင်ငံနယ်စပ်ဒေသ မယ်ဟယ်ဆောင်က မြန်မာနဲ့တရားဝင်ကုန်သွယ်မှုတွေ ပိုမိုတိုးမြှင့်လုပ်ကိုင်လိုတာတွေ့ရတယ်။ ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ ၂၃မှာ စီးပွားကူးသန်းကတာဝန်ရှိသူ၊ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)ကိုယ်စားလှယ်၊ တာချီလိတ်ကုန်သည်စက်မှုအသင်းကကိုယ်စားလှယ်တွေမယ်ဟောင်ဆောင်ကိုသွားရောက်ကြတယ်။ Enhanced Economic Relationship Between Mae Hong Son Province Thailand and Myanmar အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ကြတာပါ။ ရည်ရွယ်ချက်တွေမှာ မြန်မာနဲ့ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းတွေပိုမိုဖွင့်လှစ်နိုင်ဖို့၊ တရားမဝင် ကုန်သွယ်လမ်းကြောင်းတွေကို တရားဝင်ဖြစ်အောင် ပြုလုပ်ဖို့၊ နယ်မြေချင်း ဆက်စပ်နေတဲ့ ဒေသတွေတည်ငြိမ်လုံခြုံမှု အပြည့်အဝရှိဖို့၊ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်စေဖို့၊ စီးပွားရေးအခွင့်အလမ်းကောင်း ဈေးကွက်နဲ့ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဖို့ ခရီးသွားလုပ်ငန်းတွေဖွံ့ဖြိုးဖို့ စတဲ့အချက်တွေပါဝင်တာတွေ့ရတယ်။ လက်ရှိဆွေးနွေးချက်တွေမှာ ထိုင်းနိုင်ငံမယ်ဟောင်ဆောင်ကတစ်ဆင့် လွိုင်ကော်၊ နေပြည်တော်၊ တောင်ကြီးနဲ့တောင်ငူ၊ ပြည်၊ သံတွဲတို့ကိုဆက်သွယ်သွားလာနိုင်ရေးတရားဝင်ဖွင့်လှစ်နိုင်ဖို့ပါဝင်တယ်လို့ သိရတယ်။ မယ်ဟောင်ဆောင် ကုန်သည်ကြီးများအသင်း၊ ချင်းမိုင်ကုန်သည်ကြီးများအသင်းတို့ကလည်း နယ်စပ်စခန်းတွေ ဖွင့်လှစ်ဖို့ ထောက်ခံ ဆွေးနွေးကြတယ်။ မယ်ဟောင်ဆောင်ဟာမြန်မာနိုင်ငံနယ်စပ်နဲ့ ကီလိုမီတာ ၂၀သာကွာဝေးတယ်လို့ ဆိုတယ်။ ချင်းမိုင်းခရိုင် ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌက ဆွေးနွေးပါတယ်။ ဆွေးနွေးချက်တွေမှာ မြန်မာနိုင်ငံကိုဖြတ်ကျော်ပြီး တခြားအိမ်နီးချင်းနိုင်ငံတွေပါ ပါလာတာကြောင့်တစ်ဆင့်ခံဖြတ်သန်းကုန်သွယ်ရေးကိစ္စရပ်တွေပါလာပြီဖြစ်လို့ ထောက်ပံ့ပို့ဆောင်ရေး Logistic ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ ကြိုတင်လုပ် ညှိနှိုင်းကြဖို့ မြန်မာဘက်က ဆွေးနွေးချက်မှာတွေ့ရတယ်။ UMFCCI အလုပ်အမှုဆောင်ဦးကိုကိုကြီးက မယ်ဟောင်ဆောင်ဒေသကနေ ထိုင်းနိုင်ငံအတွင်းပိုင်းအထိ ကုန်သွယ်လုပ်ကိုင်နိုင်ဖို့ နယ်စပ်ဂိတ်တွေ တရားဝင်အမြန်ဆုံးဖွင့်နိုင်ရင် ပိုအကျိုးရှိမှာ ဖြစ်ကြောင်း ဆွေးနွေးပါတယ်။ မယ်ဟောင်ဆောင်-တောင်ငူ-ပြည်-သံတွဲလမ်းဟာ မြန်မာပြည်ကနေ ဂျပန်တို့စစ်ရှုံးပြီးပြန်တဲ့လမ်းဖြစ်သလို ဂျပန်တို့ကိုယ်တိုင်ဖောက်ခဲ့တဲ့လမ်းဖြစ်လို့ ဂျပန်ခရီးသွားတွေကို ဆွဲဆောင်လိုပုံရကြောင်း သုံးသပ်ချက်လည်းတွေ့ရပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖွင့်လှစ်ခဲ့ရင် မယ်ဟောင်ဆောင်နဲ့ နေပြည်တော်ဟာ ကီလိုမီတာ ၂၀၀သာကွာဝေးပြီး အမြန်လမ်းမကြီးနဲ့ ကီလို ၈၀ပဲ ကွာဝေးတော့မှာဖြစ်လို့ နှစ်နိုင်ငံခရီးသွားလုပ်ငန်းတွေ ပိုများလာနိုင်မှာဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဩဂဲနစ် ထောက်ခံချက်လက်မှတ်ကုမ္ပဏီနှစ်ခု ထပ်မံရရှိမည်

ဩဂဲနစ်စိုက်ပျိုးကုန်ထောက်ခံချက်လက်မှတ်ကို မြန်မာနိုင်ငံဩဂဲနစ်စိုက်ပျိုးရေးအဖွဲ့က မေလဒုတိယပတ်တွင် ထောက်ခံချက် လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း အဆိုပါအသင်းဥက္ကဋ္ဌ ဦးနှင်းဦးက မြန်မာတိုင်း(မ်) ကိုပြောသည်။ ယခင်နှစ်က ရှမ်းမောမြေသဘာဝ မြေဩဇာကုမ္ပဏီက ဩဂဲနစ်ထောက်ခံချက် လက်မှတ်ကိုရရှိခဲ့ပြီး ယခုနှစ်အတွက်မူ Bio-Supreme သဘာဝမြေဩဇာနှင့် Fame ဆေးဝါးထုတ်လုပ်ရေးတို့မှ ရရှိမည်ဖြစ်သည်။ "မြန်မာနိုင်ငံရဲ့ ဩဂဲနစ်ထောက်ခံချက်လက်မှတ်ရဖို့အတွက် ခိုင်ခိုင်မာမာနဲ့စတည်ဆောက်ရမယ်။ ပြီးရင် နိုင်ငံတကာအထိ အသိအမှတ်ပြုတင်ပို့နိုင်ရမယ်" ဟုဦးနှင့်ဦးကပြောသည်။"လောလောဆယ် အာဆီယံနိုင်ငံတွေအပြင်၊ ဩစတြေးလျနဲ့ချိတ်ဆက်ထားတယ်။ ဩဂဲနစ်ထောက်ခံချက်လက်မှတ်ရတယ်ဆိုတာက အသိအမှတ်ပြုပေးလိုက်တဲ့ သဘောမျိုးပဲ။ကုမ္ပဏီအနေနဲ့ ပြည်ပဈေးကွက်ရဖို့ကိုတော့ကိုယ်တိုင်ကြိုးစားရမယ်"ဟုဂင်းကပြောသည်။ "သဘာဝမြေဩဇာကိုအထူးသဖြင့် ဆန်စပါးအများဆုံးစိုက်ပျိုးတဲ့ဧရာဝတီတိုင်းဘက်မှာ ဝယ်လိုအားရှိတယ်။ လောလောဆယ်မှာအရှေ့တောင်အာရှ ဈေးကွက်အတွက်လည်းပြင်ဆင်နေတယ်" ဟုစူပရင်းသဘာဝမြေဩဇာမှ ဒုတိယမန်မနေဂျာဒေါ်နီလာကျော်ကပြောသည်။ အဆိုပါဩဂဲနစ်ဈေးကွက်နှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကိုလည်း ထိုင်းနိုင်ငံတွင် ဖေဖော်ဝါရီလ ၂ရက်မှ ၄ရက်နေ့အထိ ကျင်းပခဲ့ပြီး မြန်မာမှ ဩဂဲနစ်စိုက်ပျိုးရေးအဖွဲ့ဝင်များ၊ စီးပွားရေးကူးသန်းဝန်ကြီးဌာနမှတာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း၂၀၁၀ ခုနှစ်ဖေဖော်ဝါရီ၂၆ ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြဝတီဓာတ်ပုံပြိုင်ပွဲနှင့်နှစ်ပတ်လည်စာမူဆုရရှိသူများကြေညာ

၂၀၀၉ခုနှစ်မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆုရရှိသူများစာရင်းကိုသက်ဆိုင်ရာ စိစစ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ကျော်ဝင်းလှိုင်( ယာဉ်ကျေးမှုတက္ကသိုလ်)ကပထမဆု၊ ဂျေမောင်မောင် (အမရပူရ) က ဒုတိယဆု၊ အေကေမိုး( သတ္တဗေဒ)က တတိယဆု၊ စိုင်းခမ်းလင်း( Hawk Eyes) နှင့် ကျော်ကျော်ဝင်း( မြန်မာနိုင်ငံဓာတ်ပုံအသင်း) တို့က အထူးဆုအသီးသီးရရှိကြသည်။ ၂၀၀၉ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးကာတွန်းဆုကို ကာတွန်းတင်အောင်နီက လည်းကောင်းအကောင်းဆုံးကဗျာဆုကို ဒေါက်တာထီလာစစ်သူ၏ သတ္တိအရှိဆုံးအချိန်က လည်းကောင်း၊ အကောင်းဆုံး ဆောင်းပါးဆုကို ဒေါက်တာမတင်ဝင်း( ပညာရေးတက္ကသိုလ်) ၏ တပည့်သားမြေးပြုစုပျိုးထောင်တတ်ခြင်းကလည်းကောင်း၊အကောင်းဆုံးဝတ္ထုတိုဆုကို တင်သန်းဦး၏သူရဲကောင်းများထွန်းကားသည်ကလည်းကောင်းအသီးသီးရရှိကြသည်။ ၂၀၀၉ခုနှစ်အတွက် ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးကာတွန်းဆုကို ကာတွန်းငွေကြည်က လည်းကောင်း၊ အကောင်းဆုံး ကဗျာဆုကို မင်းယုဝေ၏ခြံထောင့်က မန်းကျည်းပင်ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို နိုင်ဇော်၏ ပျူနိုင်ငံတော်နှင့် ပျူနိုင်ငံသားများက လည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ပုသိမ်ရန်နောင်စိုး၏ ရိုးမထဲက ယာတဲရှင်က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို ခြင်ကျား(မအူပင်) ၏ သံယောဇဉ်ချည်ငင်ပြတ်သည်ကြောင့်က လည်းကောင်း အသီးသီးရရှိကြကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## ရန်ကုန်တိုင်းအတွင်း ၁၅လက်မနှင့် ၈လက်မရှည်အောက် အရောင်ပါကြွပ်ကြွပ်အိတ်ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကိုစတင်အရေးယူတော့မည်

ရန်ကုန်တိုင်းအတွင်း ၁၅လက်မနှင့် ၈လက်မအရှည်အောက် အရောင်ပါကြွပ်ကြွပ်အိတ်များထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ရောင်းချခြင်းနှင့် အသုံးပြုခြင်းများ ကိုတွေ့ရှိပါက စတင်အရေးယူတော့မည်ဖြစ်ကြောင်းရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရသိရသည်။ ရန်ကုန်တိုင်းအတွင်းသုံးစွဲလျက်ရှိသော ၁၅လက်မနှင့် ၈လက်မအောက်အရောင်ပါဝင်သော ကြွပ်ကြွပ်အိတ်များကိုထုတ်လုပ်၊တင်သွင်း၊သယ်ဆောင်၊ ရောင်းချခြင်းမပြုလုပ်ရန် ဖေဖော်ဝါရီလ၁ရက်နေ့မှစတင်တားမြစ်ခဲ့ကြောင်း သိရသည်။ လက်ရှိဈေးကွက်အတွင်းရောင်းချလျက်ရှိနေသေးသော အရောင်ပါကြွပ်ကြွပ်အိတ်များမှာထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ဝင်ရောက်နေသည်ဟုသိရှိရသည်။ "အခုဈေးကွက်ထဲမှာအရောင်ပါကြွပ်ကြွပ်အိတ်တွေက တော်တော်များများကျန်နေသေးပါတယ်။ ဆိုင်အချို့မှာဆိုရင် အရောင်ပါတွေနဲ့ပဲ စားစရာတွေ ထည့်ပြီး ရောင်းနေသေးတာကို တွေ့နေရတယ်။ ကျွန်မတို့ကတော့အရောင်ပါကြွပ်ကြွပ်အိတ်တွေဆိုင်ပေါ်တင်မရောင်းဖို့တားမြစ်ထဲကမရောင်းတော့ဘူး"ဟုပလတ်စတစ်အိတ်ရောင်းဝယ်ရေးဆိုင်တစ်ခုကပြောပြခဲ့သည်။အဆိုပါ ၈x၁၅ လက်မနှင့်အောက်အရောင်ပါကြွပ်ကြွပ်အိတ်များမှာ လူနှင့်သတ္တဝါတို့၏ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သောကြောင့် ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ရောင်းချခြင်းနှင့်သယ်ဆောင်ခြင်းတို့ မပြုလုပ်ရန်တားမြစ်လိုက်ခြင်းဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဖေဖော်ဝါရီ ၂၆ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဘားကုတ်စနစ်သုံးနိုင်ငံကူးလက်မှတ်များ ဧပြီတွင်စတင်ထုတ်ပေးမည်

စက်ဖြင့်အစစ်ဆေးခံနိုင်သော ဘားကုတ်စနစ်သုံး မြန်မာနိုင်ငံကူးလက်မှတ်များယခုနှစ်ဧပြီတွင်စတင်၍ နိုင်ငံတကာနှင့်တစ်ပြေးညီထုတ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ပြည်ပသို့ သွားရောက်မည့်မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံတကာတွင် မျက်နှာပန်းလှစေရန်နှင့် အတုအပပြုလုပ်မှုများမှ ကာကွယ်ရန်အတွက် စက်ဖြင့် အစစ်ဆေးခံနိုင်သော အဆင့်မြင့်နိုင်ငံကူးလက်မှတ်များကို ၂၀၁၀ဧပြီလအမီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကသတင်းထုတ်ပြန်ထားသည်။ ယင်းနိုင်ငံကူးလက်မှတ်များ အဆင့်မြင့်လာသည်နှင့်အမျှ စာအုပ်တန်ဖိုးများ အနည်းငယ်ကြီးမြင့်လာနိုင်ကြောင်း သိရသည်။ ယင်းအစီအစဉ်ကို အပြည်ပြည်ဆိုင်ရာ မြို့ပြ လေကြောင်း အဖွဲ့ချုပ်မှ နိုင်ငံတကာတွင် ၂၀၁၀ဧပြီ၁ရက်မှစ၍ စက်ဖြင့် အစစ်ဆေးခံနိုင်သော နိုင်ငံကူးလက်မှတ်များကို ပြောင်းလဲသုံးစွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာနှင့် တစ်ပြေးညီ ဆောင်ရွက်သွားရန် စီစဉ်ခြင်းဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်လိုသည့်မြန်မာနိုင်ငံသားများအတွက် ဓာတ်ပုံကပ်ခွာစနစ်သုံး နိုင်ငံကူးလက်မှတ်များကို တစ်လအချိန်ယူထုတ်ပေးလျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံကူးလက်မှတ်(မနလ) ပြည်တွင်း ပျောက်ဒဏ်ကြေးဖြင့် လျှောက်ထားသူများသည် သတင်းစာတွင် ကြော်ငြာပြီးသည့်နေ့တစ်လပြည့်မှသာ ပြန်လည်လျှောက်ထားခွင့်ပြုခြင်း၊ တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဝန်ထမ်းများ မိမိအစီအစဉ်ဖြင့် (မနလ)လျှောက်ထားလာပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ပြည်ပခွင့်ပြုချက်တင်ပြရန်လိုအပ်ခြင်း၊ အစိုးရဝန်ထမ်းလုပ်ကိုင်ဖူးသူများ (မနလ) လျှောက်ထားလာပါက အလုပ်ထွက်စာ(သို့) ထုတ်ပယ်စာ(သို့) အငြိမ်းစားယူခွင့်ပြုသည့်အမိန့်စာ(သို့)ပင်စင်စာအုပ်မိတ္တူတင်ပြရန် လိုအပ်ခြင်း၊တက္ကသိုလ်၊ ကောလိပ်တခုခုသို့တက်ရောက်ပြီးသူများအနေဖြင့် (မနလ) လျှောက်ထားရာတွင်ပညာရေးကင်းရှင်းချက် (ဒုတိယနှစ်အောင်ပြီးမှစ၍) တင်ပြရန်လိုအပ်ခြင်းနှင့် ပြည်ပတွင်သုံးလအထက်နေထိုင်ခဲ့သူများ(မနလ)လျှောက်ထားရာ၌ ပြည်တွင်း၊ပြည်ပတို့တွင် ၁၀၀ရာခိုင်နှုန်းအမြတ်ခွန်ပေးဆောင်ပြီးကြောင်း အခွန်ပြေစာ(သို့) အလုပ်မလုပ်ကြောင်း သက်ဆိုင်ရာနိုင်ငံ၏ မြန်မာသံရုံးမှ ထောက်ခံစာတင်ပြရန် လိုအပ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ၂၅ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရန်ပြည်တော်၌ နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ရုံနှစ်ရုံ ဖွင့်လှစ်ထားပြီးရှေ့လတွင် နောက်တစ်ရုံထပ်ဖွင့်မည် ရန်ကုန်မြို့၌လည်းခေတ်မီရုပ်ရှင်ရုံနှစ်ရုံမေလတွင်ဖွင့်ရန်စီစဉ်နေ

ယခုအခါနေပြည်တော်၌ နိုင်ငံတကာအဆင့်မီ ခေတ်မီအဆင့်မြင့်ရုပ်ရှင်ရုံနှစ်ရုံ ပေါ်ပေါက်လာခဲ့၍ နောက်တစ်ရုံကိုရှေ့လတတိယပတ်တွင် ဖွင့်လှစ်ရန်ရှိပြီး ရန်ကုန်မြို့တွင်လည်းနိုင်ငံတကာ အဆင့်မီ အဆင့်မြင့်ရုပ်ရှင်ရုံများတည်ဆောက်လျက်ရှိရာ ဒီဂျစ်တယ်စနစ်ဖြင့် ပြသမည့် ရုပ်ရှင်ရုံနှစ်ရုံ ပါဝင်သည့် Junction မော်တင်ကို ယခုနှစ်မေလတွင်ဖွင့်လှစ်ရန်စီစဉ်ထားသည်။ ၆-၂- ၂၀၁၀ရက်က နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပသည့် ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ချီးမြှင့်ပွဲတွင်ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက"တစ်ဖက်ကလည်းနိုင်ငံတကာအဆင့်မီခေတ်မီအဆင့်မြင့် ရုပ်ရှင်ရုံများတည်ဆောက်ရေးကိုလည်းအားပေးခဲ့ကြောင်း၊ထို့ကြောင့်လည်း ယခုအခါ နေပြည်တော်၌ ခေတ်မီအဆင့်မြင့်ရုပ်ရှင်ရုံနှစ်ရုံပေါ်ပေါက်လာခဲ့ပြီး မကြာမီနောက်တစ်ရုံထပ်မံတည်ဆောက် ပြီးစီးတော့မှာဖြစ်ကြောင်း၊ ထို့အတူ ရန်ကုန်မြို့တွင် လည်း နိုင်ငံတကာအဆင့်မီ ခေတ်မီရုပ်ရှင်ရုံများ ထပ်မံတည်ဆောက်ပြီးစီးတော့မှာဖြစ်ကြောင်း၊ မန္တလေး၊ မုံရွာ၊ လားရှိုး၊ တောင်ကြီးအပါအဝင် ပြည်နယ်၊ တိုင်းမြို့ကြီး အချို့တွင်လည်း ရုပ်ရှင်ရုံအဟောင်းများကို ခေတ်မီအဆင့်မြင့်ရုပ်ရှင်ရုံများဖြစ်အောင်ပြင် ဆင်မွမ်းမံတည်ဆောက်ပြသနေကြပြီဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာ့ရုပ်ရှင်ထုတ်လုပ်မှုနှင့် ပြသမှုစနစ်သည် ဒစ်ဂျစ်တယ်စနစ်ကို ကူးပြောင်းလာပြီဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့်လည်း ရုပ်ရှင်ထုတ်လုပ်မှု၊ ပြသမှုလုပ်ငန်းများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လုပ်ပြသနိုင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း" အမှာစကားတွင်ထည့်သွင်းပြောကြား သွားခဲ့သည်။ နေပြည်တော်၌ နိုင်ငံတကာအဆင့်မီ ခေတ်မီရုပ်ရှင်ရုံများကို တည်ဆောက်ခဲ့ရာ နေပြည်တော်ပင်လောင်းလမ်းဆုံရှိ ဇေယျာသီရိ ရှောပင်းစင်တာ၌ လူ ၄၀၀ဆံ့ရုပ်ရှင်ရုံကို ၂၀၀၉ခုနှစ်ဇူလိုင်လက ပြီးစီးခဲ့သည်။ ယင်းသည် G-4 အုပ်စုက တည်ဆောက်သည့် မြန်မာ့ပထမဆုံး 3D စနစ်သုံးရုပ်ရှင်ရုံဖြစ်၍ ယင်းအုပ်စုကပင် ဆက်လက်၍ 3D အဆင့်မြင့်ရုပ်ရှင်ရုံကို ၂၀၀၉ခုနှစ်ဩဂုတ်လကစ၍ သပြေကုန်းဈေးအနီး ရေပန်းဥယျာဉ်ရှေ့တွင် တည်ဆောက်ခဲ့ရာ ယခုနှစ်မတ်လ တတိယပတ်တွင် ဖွင့်လှစ်ရန်စီစဉ်ထားကြောင်းသိရသည်။ ရွှေတောင်ကုမ္ပဏီကလည်းနိုင်ငံတကာအဆင့်မီ Minitheatre ရုပ်ရှင်ရုံကို Junction နေပြည်တော်တွင်တည်ဆောက်ဖွင့်လှစ်ပြသလျက်ရှိပြီး ရန်ကုန်မြို့၌လည်းလမ်းသစ်လမ်းနှင့် အနော်ရထားလမ်းထောင့်တွင်တည်ရှိ၍ ဈေးဝယ်စင်တာ၊ လူနေအိမ်၊ ရုံးခန်း၊ ရုပ်ရှင်ရုံတို့ ပါဝင်သည့် Junction မော်တင်အဆောက်အအုံတွင် ဒစ်ဂျစ်တယ်စနစ်သုံး ရုပ်ရှင်ရုံနှစ်ရုံပါဝင်ကြောင်းသတင်းရရှိသည်။ ယင်းJunction မော်တင်ကို ယခုနှစ်မေလတွင် ဖွင့်လှစ်ရန် စီစဉ်ထား၍ ယင်းသို့သော ခေတ်မီရုပ်ရှင်ရုံပါဝင်ပြီး ဈေးဝယ်စင်တာနှင့် လူနေတိုက်ခန်းများပါဝင်သည့် နောက်ထပ် အဆောက်အအုံတစ်ခုကို ဟံသာဝတီကားပွဲစားတန်းအနီး၌ ထပ်မံဖွင့်လှစ်ရန်စီစဉ်ထားကြောင်း ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင်ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## စင်ကာပူရုပ်သံအဖွဲ့ရိုက်ကူးသည့် စဥ့်ယဉ်ကျေးမှုသမိုင်းကြောင်းကို မြန်မာအင်တာနေရှင်နယ်ရုပ်သံလိုင်းသစ်တွင် ထုတ်လွှင့်ပြသမည်

မြန်မာ့စဥ့်ယဉ်ကျေးမှုသမိုင်းကြောင်းအား စင်ကာပူအခြေစိုက် ရုပ်သံဌာနမှလာရောက်ရိုက်ကူးပြီး မတ် ၂၇ရက်တွင် စတင်ထုတ်လွှင့်မည့် Myanmar International ရုပ်သံလိုင်းတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းအစီအစဉ်အား စင်ကာပူအခြေစိုက် ရုပ်သံရိုက်ကူးရေးအဖွဲ့နှင့် MRTV-3ရုပ်သံလိုင်းနှစ်ခု ပူးပေါင်း၍ တင်ဆက်ပေးခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ စဥ့်အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်သန်းကပြောသည်။ မြန်မာနိုင်ငံ၏ စဥ့်လုပ်ငန်းအဓိကလုပ်ကိုင်နေသော ဒေသမှာ တွံတေးရွှေဘို ကျောက်မြောင်းနှစ်ခုမှာ အဓိကလုပ်ကိုင်လျက်ရှိသည်ဟု သိရသည်။ ယခင်က မြန်မာစဥ့်ယဉ်ကျေးမှုအား MRTV-4မှ ရိုက်ကူးခဲ့ဖူးပြီး ယခုကဲ့သို့နိုင်ငံတကာသို့ထုတ်လွှင့်ပြသမည့်အစီအစဉ်မှာပထမဆုံးအကြိမ်ဖြစ်သည်ဟု သိရသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ရှိထုတ်လွှင့်ပြသနေသော MRTV-3 အစီအစဉ်အား အသွင်သဏ္ဍာန်နှင့် ပုံစံ ပြောင်းလဲ၍ Myanmar International ရုပ်သံလိုင်းအမည် ပြောင်းလဲကာ ဖေဖော်ဝါရီ ၁၁ရက်မှ အကြိုစမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး ယင်းရုပ်သံလိုင်းအား ပြည်ပရောက် မြန်မာနိုင်ငံသားများအား မြန်မာ့အလှ၊ မြန်မာ့သဘာဝနှင့် အခြားအကြောင်းအရာများအား နိုင်ငံတကာပရိတ်သတ်များ ကြည့်ရှုနိုင်ရန် ရည်ရွယ်၍ မတ်၂၇ရက်မှစ၍ပုံမှန်ထုတ်လွှင့်သွားမည်ဖြစ်သည်။ယင်းရုပ်သံလိုင်းတွင်နိုင်ငံတကာအဆင့်မီ တည်ဖြတ်ထုတ်လုပ်ထားသော Documentary အစီအစဉ်များ၊Current Affairs အစီအစဉ်များအတွက် နာမူနာများ (Programs Trailers) Branding Trailers၊ သတင်းအစီအစဉ်တွင် တင်ဆက်သူများအဖြစ် ပြည်ပမှ သတင်းတင်ဆက်သူများ၏ နှုတ်ခွန်းဆက်သမှုများနှင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြည်ပမှ သတင်းတင်ဆက်သူများက အစီရင်ခံတင်ပြသွားမည်ဖြစ်ပြီး ယင်း Myanmar International ရုပ်သံအစီအစဉ်ကို နိုင်ငံတကာပရိသတ်များအနေဖြင့် ၂၄နာရီကြည့်ရှုနိုင်မည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာ့စက်မှုပြပွဲတွင် ပါဝင်လိုသူလုပ်ငန်းရှင်များ ဆက်သွယ်နိုင်

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း MIA မှ 'မြန်မာ့စက်မှုပြပွဲ'(Myanmar Industrial Exhibition 2010)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် မတ် ၅ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်ရာ ခင်းကျင်းပြသလိုသည့်ကုမ္ပဏီများ၊ လုပ်ငန်းများ၊ စပွန်ဆာများသည် မြန်မာနိုင်ငံ စက်မှုကုန်ထုတ် လုပ်သူများအသင်းသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ ၂၀၁၀ပြည့်နှစ် မြန်မာ့စက်မှုပြပွဲကို ပြခန်းပေါင်း ၁၆၁ခန်းဖြင့် လူသုံးကုန်၊ စားသောက်ကုန်၊ အလှကုန်၊ ဖိနပ်၊ လျှပ်စစ်ပစ္စည်း၊ လယ်ယာသုံးစက်၊ ထုပ်ပိုးပစ္စည်း၊ အိမ်သုတ်ဆေး၊ စာအုပ်နှင့်စာရေးကိရိယာ၊ ပလတ်စတစ်ပစ္စည်း၊ လုပ်ငန်းသုံးဓာတုပစ္စည်း၊ ကျန်းမာရေးသုံးကိရိယာ၊စက်မှုကုန်ထုတ်မော်တော်ယာဉ်၊ မော်တာ၊ ရေစုပ်စက်၊ဗလမှုတ်စက်၊ သံထည်နှင့် အိမ်ဆောက်ပစ္စည်း၊ အထည်အလိပ်လုပ်ငန်းစသည်ဖြင့် ကဏ္ဍကြီး ၁၆မျိုးခွဲခြားပြသမည်ဖြစ်သည်။ စက်မှုပြပွဲတွင် ပြခန်းအမျိုးအစား လေးမျိုးသတ်မှတ်ခင်းကျင်းပြသမည်ဖြစ်၍ Sponsor များအတွက် ခံစားခွင့်အစီအစဉ်များ ထည့်သွင်းပေးသွားမည်ဖြစ်သည်။ စက်မှုကုန်ထုတ်လုပ်သူများအသင်း MIAမှ ပြည်တွင်းရှိ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းပြည်ပဈေးကွက်များ တိုးချဲ့နိုင်ရန် ရည်ရွယ်၍ ပြည်တွင်းစက်မှုလုပ်ငန်းများ တစုတဝေးတည်း ပြသနိုင်မည့် 'မြန်မာ့စက်မှုပြပွဲ' ကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း ပြပွဲဝင်ကြေးအခမဲ့ဖြင့် သုံးရက်တိုင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်လေ့လာဝယ်ယူနိုင်မည်ဖြစ်သည်။ မြန်မာ့စက်မှုပြပွဲ (Myanmar Industrial Exhibition 2010) တွင် ပြခန်းနှင့်ပြပွဲကြော်ငြာပါဝင် ဆင်နွှဲသူများသည် ဖိတ်ကြားရေး၊ သတင်းနှင့် ပြန်ကြားရေးကော်မတီ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်း၊ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့သို့ ဖေဖော်ဝါရီဒုတိယပတ်မှ စတင်စုံစမ်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂၃ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## လောင်စာဆီလုပ်ငန်းရှင်များ သိုလှောင်ကန် မြေနေရာ လျှောက်ထားနိုင်

စွမ်းအင်ကဏ္ဍသို့ ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ပိုင်ခွင့်ပြုပြီးဖြစ်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များလောင်စာဆီသိုလှောင်ရန်မြေနေရာလိုအပ်ပါကမြို့တော်ဝန်ထံတိုက်ရိုက်လျှောက်ထားနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်ဗိုလ်ချုပ်အောင်သိန်းလင်းက ပြောကြားသည်။ ဖေဖော်ဝါရီလ ၁၆ရက်နေ့က ၎င်း၏ရုံးခန်း၌ ပြည်တွင်းမီဒီယာများက သတင်းထောက်များနှင့် တွေ့ဆုံစဉ် ၎င်းကအထက်ပါ အတိုင်းပြောကြားခြင်းဖြစ်သည်။ နိုင်ငံသားတိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်မည်သူမဆို လျှောက်ထားနိုင်ကြောင်း၊ လျှောက်ထားသူများအတွက်မြေနေရာကို အမှတ်(၃)လမ်းမ၊ အမှတ်(၄)လမ်းမကြီးတို့ကဲ့သို့လူနေရပ်ကွက်များနှင့်ဝေးသည့်နေရာများ၌သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ဆီလှောင်ကန်အတွက် နေရာအတိုင်းအတာကိုမိမိတို့လိုအပ်သလောက် လျှောက်ထားနိုင်ကြောင်းနှင့်လက်ရှိအချိန်အထိတစ်ဦးသာလျှောက်လွှာတင်ထားသေးကြောင်းလည်း ၎င်းကရှင်းပြသည်။ လုပ်ငန်းအခြေအနေများ ရေရှည်မည်သို့ဆောင်ရွက်သွားရမည်ကို အသေးစိတ်မသိရ သေးကြောင်း၊ ဆီလှောင်ကန် မြေနေရာလျှောက်မည်ဆိုပါက လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်နေရာများ၊လုပ်ငန်းနှင့်ပတ်သက်သည့်ကိစ္စများအားမြန်ဆန်ထိရောက်စွာလုပ်ဆောင်နိုင်မည့်နေရာမျိုးကိုသာလျှောက်ထားလိုကြောင်းလောင်စာဆီအရောင်းအဝယ်ပြုလုပ်နေသည့် လုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။ လောင်စာဆီသိုလှောင်ကန်တည်ဆောက်မည်ဆိုပါက ဆက်သွယ်ရေးကောင်းမွန်သည့်နေရာသို့မဟုတ် ဆိပ်ကမ်းများ၌ဖြစ်သင့်ကြောင်း၊ သို့သော်လက်ရှိရန်ကုန်မြို့တော်၏ ဆိပ်ကမ်းအနေအထားအရ သီလဝါဆိပ်ကမ်းကဲ့သို့သော နေရာမျိုးသာသင့်လျော်ကြောင်း၊ နိုင်ငံတကာတွင်လည်း လူနေထိုင်သည့်နေရာများနှင့် ဝေးလံသည့်အချက်အချာကျသော ဆိပ်ကမ်းများ၌သာတည်ဆောက်လေ့ ရှိကြကြောင်းစီးပွားရေးပညာရှင်တစ်ဦးကပြောကြားကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်နေ့ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၅ရက်နေ့မှမတ်လ ၃ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နှစ်ရက်ခန့်နေရာကွက်ကျား မိုးရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျှမ်းမျှအပူချိန်တို့ထက်ပိုပြီး ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင်၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များ အောက်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## ဂရိနိုင်ငံတွင် ဝန်ထမ်းများတစ်နေ့တာသပိတ်မှောက်

ဂရိနိုင်ငံ၏ အဓိကကျသော အလုပ်သမားသမဂ္ဂ နှစ်ခုတို့သည် အစိုးရ၏ ခြိုးခြံချွေတာရေး အစီအစဉ်များကို ဆန့်ကျင် ဆန္ဒပြကြရန် အဖွဲ့ဝင် အလုပ်သမားများအား တပ်လှန့်နှိုးဆော်ခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဟူးနေ့ နံနက်စောစောမှစ၍ အစိုးရဌာန ဝန်ထမ်းများနှင့် ပုဂ္ဂလိကပိုင် ဝန်ထမ်းထောင်ပေါင်းများစွာတို့သည် ၂၄ နာရီကြာ သပိတ်မှောက်မှုကို မြို့တော်အေသင်၏ အလယ်ဗဟိုတွင်ရှိသော ကွင်းပြင်တွင် စုရုံး၍ သပိတ်တိုက်ပွဲ ဆင်နွှဲကြသည်။ လေဆိပ်များ၊ ဆေးရုံများ၊ ဘဏ်များ၊ ကျောင်းများနှင့် လုပ်ငန်းဌာနအများစုသည် ၎င်းနေ့နံနက်ပိုင်းတွင် လုပ်ငန်းများအားလုံး ရပ်ဆိုင်းလိုက်ကြသည်။ ဆန္ဒပြသူများသည် လစာများ တိုးမြှင့်မပေးခြင်း၊ နေထိုင်စရိတ်များတွင် ဖြတ်တောက်ခြင်း၊ အငြိမ်းစားယူခွင့် သက်တမ်း တိုးမြှင့်ခြင်းတို့နှင့်ပတ်သက်၍ ဆန္ဒပြကြခြင်းဖြစ်သည်။(ဆင်ဟွာ)

## အမေရိကမပါသော လက်တင်အမေရိကနှင့် ခရေဗီယန်နိုင်ငံများအသင်း ဖွဲ့စည်း

လက်တင်အမေရိကနှင့် ခရေဗီယန်ဒေသရှိ နိုင်ငံပေါင်း(၃၂)ခုမှ နိုင်ငံခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည်မက္ကဆီကိုနိုင်ငံတွင်(၂)ရက်ကြာညှိနှိုင်းဆွေးနွေးပြီးနောက် အမေရိကန်နှင့် ကနေဒါနိုင်ငံတို့ မပါဝင်သော ဒေသတွင်းအဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းရန် သဘောတူညီခဲ့ကြသည်။ အမေရိကနိုင်ငံများအဖွဲ့ OAS တွင်စီးပွားရေးမူဝါဒနှင့်ကုန်သွယ်ရေးကိစ္စများအပေါ်တွင် အမေရိကန်နိုင်ငံနှင့် အချို့သောအဖွဲ့ဝင်များအကြား သဘောထားကွဲလွဲမှုများကြောင့် ယခုကဲ့သို့ သီးခြားအဖွဲ့အစည်း တစ်ရပ် ထူထောင်ကြခြင်း ဖြစ်သည်။ အဆိုပါအစည်းအဝေးမှ အန္တတ္တာတိကဒေသတွင်ရှိသော ဖေါက်ကလန်ကျွန်းစုအား အာဂျင်တီးနားနိုင်ငံ၏ ပိုင်ဆိုင်ကြောင်း အဆိုပြုချက်ကိုတညီတညွှတ်တည်း ထောက်ခံကြသည်။ ၎င်းအပြင် ဟေတီနိုင်ငံအား ပြန်လည်ထူထောင်ရေးအတွက် ရေရှည်စီမံကိန်းတစ်ခု ရေးဆွဲရန်ဆုံးဖြတ်ခဲ့ကြသည်။(ဘီဘီစီ)

## အနောက်ဘက်ကမ်းခြေတွင် ဆန္ဒပြမှုများဖြစ်ပွား

အနောက်ဘက်ကမ်းရှိ သမိုင်းဝင်နေရာနှစ်ခုအား အစ္စရေးနိုင်ငံက အမျိုးသားအမွေအနှစ် ဒေသများအဖြစ် ထည့်သွင်းသတ်မှတ်လိုက်သဖြင့် မကျေနပ်ကြဘဲ ပါလက်စ္စတိုင်းတို့က ဟီဘရွန်မြို့တွင် ဆန္ဒပြကန့်ကွက်ကြရာမှ အစ္စရေးစစ်သားများနှင့် ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ကြသည်။ ဆန္ဒပြသူများက ပုလင်းများ၊ ခဲများနှင့် ပစ်ပေါက်သဖြင့်လုံခြုံရေးတပ်ဖွဲ့များက မျက်ရည်ယိုဗုံးများ မီးခိုးငွေ့ဗုံးများဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ကြသည်။ ဟီဘရွန်မြို့ရှိ ဘုရားကျောင်းသည် ဂျူးလူမျိုးများနှင့် မွတ်ဆလင် များအတွက် အရေးပါသော နေရာဖြစ်သည်။ အနောက်ဘက်ကမ်းတွင် လပေါင်းများစွာ အေးချမ်းငြိမ်သက်လျက်ရှိရာမှ ပထမဆုံးအကြိမ် အဓိကရုန်းပေါ်ပေါက်လာခြင်းဖြစ်သည်။အစ္စရေးနိုင်ငံကအမျိုးသားအမွေအနှစ်နေရာများကို ဒေါ်လာ ၁၀၇သန်း အကုန်အကျခံ၍ ထိန်းသိမ်းစောင့်ရှောက်ရန် စီစဉ်လျက်ရှိသည်။(ဘီဘီစီ)

## IAEA နျူကလီးယားအစီရင်ခံစာတွင် ပြင်ဆင်မှုများပြုလုပ်ရန် အီရန်တိုက်တွန်း

အီရန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးဌာန အကြီးအကဲဖြစ်သူက နိုင်ငံတကာ အနုမြူစွမ်းအင် အေဂျင်စီက ကြာသပတေးနေ့တွင် ကုလသမဂ္ဂသို့ တင်ပြမည့် အီရန်နိုင်ငံ၏ နျူကလီးယား လုပ်ငန်းဆိုင်ရာ အစီရင်ခံစာတွင် ပြန်လည်သုံးသပ်မှုများပြု၍ လိုအပ်သည်များ ပြင်ဆင်ပေးရန် တိုက်တွန်းနှိုးဆော်လိုက်သည်။ ၎င်းအစီရင်ခံစာသည် ထုတ်ပြန်ခြင်းမပြုမီ လျှို့ဝှက်သတင်းများ ပေါက်ကြားခဲ့သည်။ အဆိုပါအစီရင်ခံစာတွင် အီရန်နိုင်ငံသည် ပထမအသုတ်အဖြစ် ၂၀ရာခိုင်နှုန်းသန့်စင်ပြီးသောယူရေနီယံဓာတ်သတ္တုကိုထုတ်လုပ်ပြီးဖြစ်သော်လည်း IAEA သို့ ကြိုတင်အကြောင်းကြားရန် ပျက်ကွက်ခဲ့ကြောင်း၊ အီရန်အနေဖြင့် နျူကလီးယားထိပ်ဖူး ထုတ်လုပ်သည့် လှုပ်ရှားမှုများအတွက် စိုးရိမ်ရကြောင်းဖြင့် ပါရှိလေသည်။ အီရန်နိုင်ငံက ယူရေနီယံ ၂၀ရာခိုင်နှုန်းသန့်စင်ခြင်းကို IAEA မှ စစ်ဆေးရေးမှူးများရှေ့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းကိစ္စကိုတရားဝင်အကြောင်းကြားပြီးကြောင်းထုတ်ဖော်ပြောဆိုသည်။ အမေရိကန်ပြည်ထောင်စု အပါအဝင် လေးနိုင်ငံကိုယ်စားလှယ်များသည် စတုတ္ထအကြိမ်မြောက် အီရန်နိုင်ငံအပေါ်သို့ တားဆီးပိတ်ပင်မှုများပြုလုပ်ရန် ကြိုးစားလျက်ရှိကြသည်။ (အေအက်ဖ်ပီ)

## ဖောက်ကလန်ရေပြင်ပိုင်နက်တွင် ရေနံတူးဖော်မှုစတင်

အာဂျင်တီးနားနိုင်ငံမှ ကန့်ကွက်ပြောဆိုနေသည့် ကြားက ဗြိတိန်နိုင်ငံဒီဆိုင်းရားရေနံကုမ္ပဏီသည် ဖောက်ကလန်ကျွန်းစုရေပြင်ပိုင်နက်တွင် ရေနံတူးစင်တစ်ခုကိုစတင်တည်ထားလိုက်ပြီဖြစ်သည်။ ၎င်းတူးစင်သည် ဗြိတိန်နိုင်ငံပိုင် ကျွန်းစုမှ မိုင်ခြောက်ဆယ်အကွာတွင် တည်ရှိသည်။ ၎င်းရေပြင်ကို အာဂျင်တီးနားနိုင်ငံက ၎င်းပိုင်အဖြစ် ကြေငြာထားသည်။ ဗြိတိန်နိုင်ငံကလည်း ၎င်းဒေသသည် ၎င်းတို့ပိုင်ဆိုင်သော နေရာဖြစ်သဖြင့် ဥပဒေနှင့်အညီ ရေနံတူးဖော်ခြင်းဖြစ်ကြောင်း ပြောဆိုသည်။ တူးဖော်မှုလုပ်ငန်းများ ရက် သုံးဆယ်ခန့် ကြာမြင့်နိုင်သည်ဟု ပြောကြားသည်။ ဗြိတိန်နိုင်ငံအနေဖြင့် ရေနံတူးစင်အပါအဝင် ဖောက်ကလန်ကျွန်းစုအား လိုအပ်သလိုကာကွယ်သွားရန်ဆုံးဖြတ်ထားကြောင်းအာဂျင်တီးနားနိုင်ငံအားလည်း အသိပေးပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဗင်နီဇွဲလားနှင့် နီကာရာဂွါနိုင်ငံတို့က ကန့်ကွက်ပြောဆိုကြသည်။(ဘီဘီစီ)

## ဂျာမန်လေကြောင်းလိုင်း လက်သန်ဆာ၏ လေးရက်တာကာလ ဆန္ဒပြမှုစတင်

ဥရောပ၏ အကြီးဆုံးလေကြောင်းလိုင်းကြီးဖြစ်သော လက်သန်ဆာ၏ လေယာဉ်မှူးလေးထောင်ခန့်သည် ၎င်းတို့၏ အလုပ်လုံခြုံရေးပေါ် မကျေနပ်သဖြင့် ဆန္ဒပြမှုများကို တနင်္လာနေ့မှစတင်၍ လေးရက်တာပြုလုပ်သွားမည်ဟု သိရသည်။ လေကြောင်းခရီးစဉ်ပေါင်း သုံးထောင်ခန့် ဖျက်သိမ်းခဲ့ရပြီး ပြည်တွင်းနှင့် နိုင်ငံတကာ ခရီးစဉ်များအားလုံး နှောင့်နှေးစေသည်။ ဆန္ဒပြလေယာဉ်မှူးများသည် ကြာသပတေးနေ့ ညသန်းခေါင်အထိတိုင် ဆန္ဒပြကြမည်ဖြစ်သည်။ ထိုလေကြောင်းသည် လုပ်ခလစာအနည်းငယ်သာပေးရသော နိုင်ငံခြားသား လေယာဉ်မှူးများအပေါ် မှီခိုအားထားမှု ပိုမိုလာခဲ့သည်။ လက်သန်ဆာလေကြောင်းလိုင်းမှ ပြည်တွင်းခရီးသည်များအား ရထားခရီးစဉ်များဖြင့် ပြန်လည်အစားထိုးပေးမည်ဟု ကမ်းလှမ်းထားပြီး ပြည်ပခရီးစဉ်များအား တခြားလေကြောင်းလိုင်းများတွင် စာရင်းပေးသွင်းရန် ကမ်းလှမ်းထားသည်။ လက်သန်ဆာလေကြောင်းလိုင်းသည် နေ့စဉ် လေယာဉ်ခရီးစဉ်ပေါင်း ၁၈၀၀ ခန့် ပြေးဆွဲလျက်ရှိပြီး ယင်းအနက်မှ ၁၆၀ ခန့်သည် ခရီးရှည်များဖြစ်ကြသည်။ ယခုဆန္ဒပြမှုကြောင့် တစ်ရက်လျှင် ယူရို ၂၅ သန်းခန့် ဆုံးရှုံးသည်ဟု ခန့်မှန်းရသည်။ (ဘီဘီစီ)

## အစ္စရေး၏ မောင်းသူမဲ့လေယာဉ်သစ် ထုတ်ဖော်ပြသ

လေထုထဲတွင် တစ်ရက်ခန့် မောင်းနှင်နိုင်ပြီး ပင်လယ်ကွေ့အထိ ရောက်အောင် မောင်းနိုင်သော မောင်းသူမဲ့လေယာဉ်တပ်ဖွဲ့အားအစ္စရေးလေတပ်မှထုတ်ဖော်ပြသခဲ့သည်။ Eitan မောင်းသူမဲ့ယာဉ်များသည် လေယာဉ်တောင်ပံအကျယ် ၈၆ ပေကျယ်ပြီး အရွယ်အစားမှာခရီးသည်တင်လေယာဉ် ဘိုးအင်း၇၃၇ဂျက်လေယာဉ်ခန့် ရှိသည်။အမြင့်ပေလေးသောင်းအထိ ပျံတက်နိုင်ပြီး နာရီ ၂၀ ဆက်တိုက် ပျံသန်းနိုင်ပေသည်။ စုံစမ်းစစ်ဆေးမှုနှင့် ရန်သူဆက်သွယ်ရေးကွန်ကယ်များအား စူးစမ်းလေ့လာနိုင်သည်ဟု ကာကွယ်ရေး အရာရှိများကဆိုသည်။ လေတပ်ဖွဲ့သစ် မည်မျှ ကြီးမားကြောင်းကို ပြသရန် အစ္စရေးတာဝန်ရှိသူများက ငြင်းဆိုထားသည်။ (ဘီဘီစီ)

## ဆူဒန်တွင် အစိုးရနှင့် JEM အဖွဲ့တို့ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆို

ဆူဒန်နိုင်ငံအစိုးရသည် တနင်္ဂနွေနေ့က နိုင်ငံတွင်းဆူပူလှုပ်ရှားနေသူ သူပုန်အဖွဲ့များအနက်မှ ကော်ဒိုဖန် ဒေသရှိ (JEM) အဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြီးဆုံး၍ ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ခုကို အကောင်အထည်ဖော်လက်မှတ်ရေးထိုး နိုင်ခဲ့သည်။ သဘောတူညီချက်အရ ကော်ဒိုဖန်ပြည်နယ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအေဂျင်စီများနှင့် သူပုန်များလက်တွဲဆောင်ရွက်ကြမည်ဖြစ်သည်။ သူပုန်အုပ်စုဝင်များအတွက်နေရာထိုင်ခင်းနှင့် လုံခြုံရေးအစီအစဉ်များ ဆောင်ရွက်ပေးမည်ဖြစ်သည်။ယခုနှစ်ဧပြီလတွင်ကျင်းပရန်ရှိသော အထွေထွေရွေးကောက်ပွဲမတိုင်မီ အခြားသောသူပုန်အဖွဲ့များနှင့်လည်း ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် အစိုးရအနေဖြင့် အပြင်းအထန်ကြိုးစားလျက်ရှိသည်။ (ဆင်ဟွာ)

## အနောက်ဖက်ကမ်းခြေရှိ ဂူဘိမ္မာန်နှစ်ခုအား အစ္စရေးက အမျိုးသားအမွေအနှစ်အဖြစ်သတ်မှတ်

အစ္စရေးနိုင်ငံသည် ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းတွင်ရှိသော သမိုင်းဝင် ဘာသာရေးဆိုင်ရာ နေရာနှစ်ခုကို အမျိုးသား  အမွေအနှစ် စာရင်းတွင်  ထပ်မံ ထည့်သွင်းလိုက်သည်။ ၎င်းတို့မှာ ဟေဘရွန်ရှိ ပထရီးယပ် အုတ်ဂူနှင့် ဘက်သက်လီဟန်ရှိ ရေချယ်အုတ်ဂူတို့ဖြစ်ကြသည်။ ပထရီးယပ်အုတ်ဂူနေရာတွင် အေဘရာဟင်အိုက်ကဲဖပ်နှင့် ဂျက်ကော့တို့၏ ရုပ်အလောင်းများ မြှုပ်နှံထားသည်ဟု သမ္မာကျမ်းစာတွင် ဖော်ပြထားသည်။ ယခုအခါ ၎င်းနေရာတွင် မူစလင်တို့၏ အယ်လ်အီဘရာဟီမီ ဗလီတည်ရှိလေသည်။ ၎င်းနေရာဒေသနှစ်ခုသည် အစ္စရေးနိုင်ငံ၏ ရှေးဟောင်း သမိုင်းနှင့် အနောက်ဖက်ကမ်း ဒေသ၏ဆက်စပ်မှုကို ဖော်ပြလျက်ရှိသည်။ ပါလက်စတိုင်းတို့ဘက်ကမူ ယခုဆုံးဖြတ်ချက်သည်ငြိမ်းချမ်းရေးကြိုးပမ်းချက်များကို ပျက်စီးသွားစေနိုင်သည်ဟု ထုတ်ဖော်ပြောဆိုသွားသည်။ (ဘီဘီစီ)

## ဆီးရီးယား၏ နျူကလီးယားလှုပ်ရှားမှုများ စိုးရိမ်ဖွယ်ဖြစ်

ဆီးရီးယားနိုင်ငံ မြောက်ပိုင်း အယ်လ်ခိုင်ဘာဓါတ်ပေါင်းဖို တည်ရှိရာ နေရာတွင် ယူရေနီယံသတ္တု အမှုန်များ တွေ့ရှိခဲ့ရသည်ဟု IAEA က ကြာသပတေးနေ့က ထုတ်ဖော်ပြောဆိုသည်။ ယင်းကိုကြည့်၍ ဆီးရီးယားသည် နျူကလီးယားနှင့် ဆက်စပ်သော လုပ်ငန်းများဆောင်ရွက်နေသည်ဟု ယူဆဖွယ်ရာရှိသည်။ ဆီးရီးယားသည် အယ်လ်ခိုင်ဘာဓါတ်ပေါင်းဖို မည်သို့ဖြစ်ပျက်နေသည်ကို ရှင်းလင်းဖော်ပြခြင်းမရှိချေ။ ထို့ပြင် တွေ့ရှိရသော ယူရေနီယံအမှုန်များနှင့်ပတ်သက်၍ မည်သို့မျှ ရှင်းလင်းခြင်းမပြုသည့်အပြင် IAEA နှင့်လည်း ပူးပေါင်းဆောင်ရွက်မှုမရှိသဖြင့် လွန်စွာစိုးရိမ်ဖွယ်ရှိသည်ဟု အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ထုတ်ဖော်ပြောဆိုသည်။ ထို့ကြောင့် ဆီးရီးယားနိုင်ငံသည် IAEA နှင့် အမြန်ဆုံး ပူးပေါင်းဆောင်ရွက်ရန်နှင့် အရှေ့အလယ်ပိုင်းအရေးကိစ္စများကို ထိရောက်စွာပါဝင်ဆောင်ရွက်ရန် အမေရိကန်နိုင်ငံက တိုက်တွန်းပြောဆိုလိုက်သည်။ (ဆင်ဟွာ)

## US ဗဟိုဘဏ်ကာလတိုချေးငွေ အတိုးနှုန်း မြင့်တက်

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်သည် ၎င်း၏ အရေးပေါ် ကာလတိုချေးငွေအတိုးနှုန်းကို ၀.၂၅% တိုးမြှင့်ကြောင်း ယမန်နေ့က ထုတ်ပြန်ကြေငြာခဲ့သည် ဈေးကွက်တွင် ဒေါ်လာတန်ဖိုး ကျဆင်းသွားသောကြောင့် ရေနံဈေးနှုန်းသည် နယူးယောက်ဈေးကွက်တွင် ၇၉.၈၁ ဒေါ်လာဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ လန်ဒန်ဈေးကွက်တွင်မူ ၇၈.၇၉ ဒေါ်လာ အထိရောက်ရှိခဲ့သည်။ လာမည့်အပတ်တွင် ထုတ်ပြန်မည့် စီးပွားရေးဆိုင်ရာ အညွှန်းကိန်းများက ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်ကို ထောက်ပံ့မှု ပြုခဲ့ပါက ရေနံဈေးနှုန်းသည် ဒေါ်လာ ၈၀ သို့ ရောက်ရှိမည်မှာ သေချာပေသည်။ ယခုဆောင်ရွက်ချက်သည် ဗဟိုဘဏ်၏ အတိုးနှုန်းများ ဆက်လက်၍တိုးမြှင့်သွားမည့် လက္ခဏာဖြစ်သည်ဟု ဝေဖန်သူများက ပြောဆိုကြသည်။ (အေအက်ဖ်ပီ)

# သတင်းအတို

## ကွန်ပျူတာပညာရှင်အသင်းမှ Network ဆိုင်ရာဟောပြောပွဲကျင်းပမည်

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ Network ဆိုင်ရာဟောပြောပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ် e-Learning Centre တွင် မတ်၄ရက်မှ ၈ရက်အထိ နံနက် ၉နာရီ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်နိုင်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားပါသည်။

## ဆော့ဖ်ဝဲအင်ဂျင်နီယာပညာရပ်အကြောင်း ဟောပြောမည်

ကွန်ပျူတာပညာရှင်အသင်း(မန္တလေးတိုင်း)က ကြီးမှူး၍ Software  Engineering Software Testing& Software Development Cycle ခေါင်းစဉ်ဖြင့်ဟောပြောပွဲကိုအသင်းရုံးခန်းရှိရာ ၇၇လမ်းနှင့် ၃၃လမ်းထောင့်ရှိ ရွှေဖြူပလာဇာဒုတိယထပ်၌ ၂၀၁၀ပြည့်နှစ်၊ မတ်လ၃ရက်နေ့နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ ဦးအောင်အောင် Microsoft (1998-2006)ကဟောပြောမည်ဖြစ်ကာ Software House များတွင် လုပ်ကိုင်နေသူများ၊ Software Engineering ကိုစိတ်ဝင်စားသူများ မည်သူမဆို အခမဲ့တက်ရောက်နိုင်သည်။ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း( မန္တလေးတိုင်း) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း( မန္တလေးတိုင်း)သည် အိုင်တီနည်းပညာဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ချက်ဖြင့် ကွန်ပျူတာနည်းပညာပြန့်ပွားရေး၊ ကွန်ပျူတာကိုတွင်ကျယ်စွာအသုံးပြုလာရေးနှင့် အဆင့်မီကွန်ပျူတာပညာရှင်များပေါ် ထွက်လာစေရေးကို အခါအားလျော်စွာကျင်းပ ပေးလျက်ရှိကြောင်း သိရသည်။ ဖေဖော်ဝါရီလ ၂၁ရက်နေ့က စွမ်းဟိုတယ်တွင် ‘Capacity Building of IT Professional ခေါင်းစဉ်ဖြင့် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က ဆွေးနွေးဟောပြောခဲ့ကြောင်း၂၀၁၀ခုနှစ် ဖေဖော်ဝါရီ၂၆ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပန်းကေရီအလှမယ်ပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံ ပန်းဝါသနာရှင်များ အသင်း(၁၆) နှစ်ပြည့် အထိမ်းအမှတ်ပန်းပြပွဲကို ရန်ကုန်မြို့မရမ်းကုန်းမြို့နယ်မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ မင်းဓမ္မပန်းကွင်းတွင် ဖေဖော်ဝါရီ၂၀ရက်မှ မတ်၁ရက်အထိ ကျင်းပလျက်ရှိရာ ပျိုးပင်အထူးဈေးရောင်းပွဲတော်နှင့်အတူ ပန်းကေရီအလှမယ်ပြိုင်ပွဲကိုဖေဖော်ဝါရီ ၂၇ရက်တွင် ကျင်းပမည်ဖြစ်၍ စိတ်ပါဝင်စားသူများ မင်းဓမ္မပန်းကွင်း အကျိုးတော်ဆောင်အဖွဲ့တာဝန်ခံရုံး ဖုန်း-၆၆၂၁၆၆ သို့ဆက်သွယ်စုံစမ်း လာရောက်လေ့လာနိုင်ကြောင်း ၂၀၁၀ခုနှစ်ဖေဖော်ဝါရီ ၂၄ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## ထိုင်းဗီဇာကြေး ပြန်ကောက်ပြီ

ထိုင်းနိုင်ငံ၏ ပြည်ဝင်ခွင့်ဗီဇာကြေးကင်းလွတ်ခွင့်ပြုထားရာမှ မတ်လဆန်းမှစတင်ကာ ပြန်လည်ကောက်ခံသွားမည်ဖြစ်ကြောင်း ပြည်တွင်းခရီးသွားလာရေးလုပ်ငန်းတစ်ခုမှ စုံစမ်းသိရသည်။ ယခင် ထိုင်းဗီဇာကြေးကောက်ခံမှု ကင်းလွတ်ခွင့်များကို မတ် ၄ရက်အထိ ခွင့်ပြုထားပြီး မတ် ၅ရက်မှစတင်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ ယခင်ကာလများအတွင်း ထိုင်းဗီဇာကြေးကောက်ခံရာတွင် ဗီဇာကြေးအဖြစ် ၃၅ဒေါ်လာ ကောက်ခံကြောင်း သိရသည်။ ဗီဇာကြေးကောက်ခံမှုနှင့်ပတ်သက်၍ “အရင်တုန်းက ခရီးသွားတွေအနေနဲ့က ဗီဇာကြေးမကောက်ခံတဲ့အတွက် သူတို့အတွက် တခြားနေရာတွေမှာ ပိုပြီးအသုံးပြုနိုင်ကြပါတယ်။ နိုင်ငံအနေနဲ့က တခြားနေရာတွေမှာ ဝင်ငွေလဲရကြပါတယ်။ အခုကျတော့ အဲဒီလိုကောက်ခံရင် သုံးစွဲတဲ့ငွေအရေအတွက် လျော့နိုင်ပါတယ်” ဟု ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်သူတစ်ဦးက ပြောပြခဲ့ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## Software ဆိုင်ရာပြပွဲ မြန်မာအင်ဖိုတက်ခ်၌ ခင်းကျင်းပြသမည်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် Software& Solutions Exhibition 2010 ပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ်မြန်မာအင်ဖိုတက်ခ်၌ ဖေဖော်ဝါရီ ၂၆ရက်မှ ၂၈ရက်အထိ ခင်းကျင်းပြသမည်ဖြစ်သည်။ ပြပွဲတွင် Myanmar Professionals Education Centre ( MPEC) မှ IT Professionals နှင့် CICT Diploma in Software Engineering အကြောင်းတို့ကို ရှင်းလင်းပြသထားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုနိုင်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ၂၃ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## ဆေးရုံစာဖြေဌာန သုံးခုဖွင့်လှစ်ပေးရန်စီစဉ်ထား

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာစစ်အဖွဲ့တို့၏ ကြိုတင်ညှိနှိုင်းချက်အရ ၂၀၁၀ခုနှစ် မတ်၁၀ရက်မှ ၁၉ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ကျောင်းသူများနစ်နာမှု မရှိစေရန်ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့်ဝေဘာဂီ အထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန်စီစဉ်ထားကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ၂၃ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## ပဉ္စမအကြိမ် သုတစွယ်စုံစာပေဆု ရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် Swe Sone Media Group ၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် “ပဉ္စမအကြိမ် သုတစွယ်စုံစာပေဆု” ရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ဖေဖော်ဝါရီလ ၂၂နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။ ပဉ္စမအကြိမ် သုတစွယ်စုံစာပေဆုရရှိကြသူများမှာ ဝိဇ္ဇာဘာသာရပ်အတွက် “မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းများနှင့် ဗိုလ်ချုပ်အောင်ဆန်း” စာအုပ်ဖြင့် တက္ကသိုလ်စိန်တင်၊ စာပဒေသာ ဘာသာရပ်အတွက် “အွန်စေတို့ဌာနေ ကိုယ်တွေ့ကိုရီးယားခရီးသွားဆောင်းပါးများ” စာအုပ်ဖြင့် ကိုကို (စက်မှုတက္ကသိုလ်)၊ လူမှုစီးပွားဘာသာရပ်အတွက် “လူမှုဆက်ဆံရေးဆိုင်ရာ ကမ္ဘာ့ထုံးတမ်းစဉ်လာများ” စာအုပ်ဖြင့် ဒေါက်တာချစ်၊ ဘာသာပြန် ဘာသာရပ်အတွက် “ဦးဆောင်စွန့်စား စီးပွားတည်ဆောက်ခြင်း” စာအုပ်ဖြင့် ကြည်မင်း၊ ရည်ညွှန်းစာပေဘာသာရပ်အတွက် “စာအုပ်များနှင့် နှစ်ပေါင်းများစွာ” စာအုပ်ဖြင့် ကျော်ဝင်း၊ လူငယ်စာပေဘာသာရပ်အတွက် “ဘာလဲဟဲ့ဒေါက်တာဘွဲ့” စာအုပ်ဖြင့် ပါမောက္ခ ဒေါက်တာတင်စိုး၊ နိုင်ငံတကာရေးရာ ဘာသာရပ်အတွက် “သမိုင်းစာမျက်နှာပေါ်က အင်ပါယာနိုင်ငံများနှင့် နီယိုကွန်တို့နေဝင်ချိန်”

စာအုပ်ဖြင့် ရဲထွဋ်၊ အသုံးချသိပ္ပံဘာသာရပ်အတွက် "လူနာဖြစ်သွားသော ဆရာဝန်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ" စာအုပ်ဖြင့် ဒေါက်တာစိုးလွင်နှင့် သုတစွယ်စုံ တစ်သက်တာ စာပေဆုအတွက် ဦးချစ်စံ(ဆရာချစ်စံဝင်း) တို့ဖြစ်ပြီး ယခုနှစ်အတွက် သိပ္ပံဘာသာရပ်၌ ဆုရရှိသူမရှိကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂၃ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## ပါမောက္ခဒေါက်တာအောင်ထွန်းသက်က "Business Leadership in the Changing World"ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲ ကျင်းပမည်

တူဒေးစာအုပ်တိုက် CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူးပြီး မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များအတွက် ရည်ရွယ်ကျင်းပမည့် Myanmar Executive Forum ကို ဖေဖော်ဝါရီ ၂၆ရက် မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီအထိ Chartrium Hotel ၌ကျင်းပမည်ဖြစ်၍ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Business Leadership in the Changing World ခေါင်းစဉ်နှင့် ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး Myanmar Distribution Group က ပံ့ပိုးကူညီမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂၃ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့၏ ၁/၂၀၁၀ဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁၀ရက်က နေပြည်တော်ရှိပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါသည်။ ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ UNDP, UNICEF, ILO, UNIICR, IOM အစရှိတဲ့ UN နှင့် နိုင်ငံတကာ အဖွဲ့အစည်းများက တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် ပုံမှန်လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမှုအပြင် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကိုပုံမှန်သုံးသပ်သော အစီအစဉ်ဖြစ်သည့် Universal Periodio Review (UPR) အရမြန်မာက ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အစည်းအဝေးတွင် တင်သွင်းရမည့်မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာရေးဆွဲရေးနှင့်ပတ်သက်၍လည်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၁ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ရေးသားပါရှိသည်။ ယင်းအစီအရင်ခံစာ တင်သွင်းရေးနှင့် ပတ်သက်၍ လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဖေဖော်ဝါရီ ၂၄ရက်နေ့ထုတ် News Watch Weekly ဂျာနယ်တွင်ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)
အနိုင်းမဲ့ရဟန်း

မုန့်ခဲဖွယ်တည်းဟူသော ကာမဝတ္ထုအပေါ်မှာ သံယောဇဉ်လုံးဝပြတ်တာကို ကြည့်ခြင်းအားဖြင့် အရှင်သာရိပုတ္တရာရဲ့ ကိလေသာ ငြိမ်းအေးမှုအစွမ်းသတ္တိ ဘယ်လောက်ကြီးမားတယ်ဆိုတာ သိနိုင်ပါတယ်။ ကိလေသာရဲ့ ဝါသနာအငွေ့အသက်ကို ဗုဒ္ဓဘုရားရှင်တို့သာ ပယ်နိုင်တယ်ဆိုပေမယ့် အရှင်သာရိပုတ္တရာရဲ့ သန္တာန်မှာ ကိလေသာကင်းစင်နေပုံကလည်း ဝါသနာအငွေ့အသက် မရှိသလောက်နီးပါးပါပဲ။

မျောက်ဘဝက လာခဲ့လို့ အရှင်သာရိပုတ္တရာမြောင်းတွေ့ရင် ခုန်ချင်တယ်၊ ချောင်းတွေ့ရင် ခုန်ကူးချင်တယ် ဆိုတဲ့စကားဟာ ထေရဝါဒ ပိဋကတ်တော်တွေ မှာ လုံးဝမပါတဲ့ တစ်ဆင့်ကြားပါးစပ်ရာဇဝင်စကားသာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မဟာယာနာကျမ်းတစ်ကျမ်းကျမ်းမှာပါတဲ့ ဘုရားလောင်းဝါဒ စည်းရုံးသိမ်းသွင်းမှုသာ ဖြစ်ပါတယ်။ အရှင်သာရိပုတ္တရာကို သက်သက်သိက္ခာချတဲ့ စကားပါ။ လုံးဝမမှန်ပါဘူး။

အရှင်သာရိပုတ္တရာလည်း သံဝေဂအကြီးအကျယ်ရပြီး အဲဒီနေ့အဲဒီအချိန်ကစလို့ မုန့်ခဲဖွယ်ကို လုံးဝမဘုန်းပေးတော့ပါဘူး။ ရဟန်းသံဃာတော်တွေ ဆွမ်းဘုဉ်းပေးပြီးရင် မုန့်သစ်သီးစတဲ့ ခဲဖွယ်ဘုဉ်းပေးကြတာ အစဉ်အလာထုံးစံဖြစ်နေပေမယ့် အရှင်သာရိပုတ္တရာကတော့ ဘယ်လောက်ကောင်းမြတ်တဲ့ ခဲဖွယ်တွေကို ဘယ်လောက်ရင်းနှီးတဲ့ ဒကာ ဒကာမကပဲ ကပ်ကပ်လုံးဝ ဘုဉ်းပေးတော်မမူတော့ပါဘူး။

ရုတ်တရက် ကြည့်လိုက်ရင် "စိတ်ဆိုးတတ်လိုက်၊ စိတ်ကောက်တတ်လိုက်တာ"လို့ ထင်ရပေမယ့် အရှင်သာရိပုတ္တရာမှာ ဒေါသကိလေသာ လုံးဝမရှိတော့ တဲ့အတွက် ဘာအကြောင်းကြောင့်မှ စိတ်ဆိုးစရာ၊ စိတ်ကောက်စရာ၊ စိတ်ညစ်စရာ၊ စိတ်ပျက်စရာ မရှိတော့ပါဘူး။ အားလုံးအပေါ် ခွင့်လွှတ်နိုင်ပါတယ်။ အားလုံးအပေါ်သည်းခံနိုင်ပါတယ်။

ဒါတွေကြောင့်လည်း အနာထပိဏ်နတ်သားက "ပညာဂုဏ်အားဖြင့်လည်း အရှင်သာရိပုတ္တရာသာ အသာဆုံး၊ အမြတ်ဆုံးရဟန်း၊ အနိုင်းမဲ့ရဟန်း"လို့ မြတ်စွာဘုရားရှင်ကို လျှောက်ထားခဲ့တာပါ။ မြတ်စွာဘုရားရှင်ကလည်း ဟုတ်မှန်ကြောင်း အတည်ပြုခဲ့တာပါ။

တစ်ခါတော့ အရှင်သာရိပုတ္တရာ ဒေသစာရီလှည့်လည်ရင်း စတုဒိသာရုံတစ်ခုမှာ မကျန်းမမာဖြစ်နေပါတယ်။ အဲဒီစတုဒိသာရုံက ကပ်လှူတဲ့ဆွမ်းကို တစ်ရက်သာ ဘုဉ်းပေးပြီး နောက်နေ့တွေမှာတော့ ဆွမ်းလုံးဝ ဘုဉ်းမပေးတော့ဘဲ ဆွမ်းအငတ်ခံတော်မူပါတယ်။

နေ့ရက်များစွာ စတုဒိသာကျွေးတဲ့ အလှူမဏ္ဍပ်ကြီးတွေမှာ ရဟန်းတော်တွေအနေနဲ့ တစ်ရက်သာ အလှူခံခွင့်၊ တစ်ရက်သာ ဆွမ်းစားခွင့်ရှိတဲ့အတွက် ဝိနည်းဥပဒေတော်ကို လေးစားလိုက်နာတဲ့အနေနဲ့ အခုလို အရှင်သာရိပုတ္တရာ ဆွမ်းအာဟာရဖြတ်တောက်ထားလိုက်တာပါ။ မြတ်စွာဘုရားသိသွားတဲ့ အခါမှာတော့ မကျန်းမာရင် နေ့စဉ်အလှူခံ ဘုဉ်းပေးနိုင်ကြောင်း ထပ်လောင်းဖြည့်စွက်ခွင့်ပြုချက် ထုတ်ပြန်တော်မူလိုက်ပါတယ်။

တောအုပ်တစ်ခုမှာ အရှင်မဟာမောဂ္ဂလ္လာန်နဲ့အတူ သီတင်းသုံးတော်မူခဲ့စဉ်တုန်းက အရှင်သာရိပုတ္တရာမှာ လေနာရောဂါဖြစ်ပြီး အပြင်းအထန် ဒုက္ခဝေဒနာခံစားခဲ့ရဖူးပါတယ်။ လူ့ဘဝတုန်းက လေနာရောဂါဖြစ်ရင် ထောပတ်၊ ပျားရည်၊ သကြားစသည်နဲ့ ရောစပ်ချက်ထားတဲ့ နို့ဃနာထမင်းစားပြီး ရောဂါ ပျောက်ကင်းခဲ့ဖူးကြောင်း အရှင်သာရိပုတ္တရာ ပြောပြတဲ့အတွက် နောက်ရက်မှာ နို့ဃနာထမင်းရကိုရရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ အရှင်မဟာမောဂ္ဂလ္လာန် ဆွမ်းခံ ထွက်တော်မူပါတယ်။

အရှင်သာရိပုတ္တရာရဲ့ သန္တာန်မှာ တဏှာဆိုတဲ့ လောဘကိလေသာသာ ဝါသနာအငွေ့အသက်မရှိသလောက် ကင်းစင်တာ မဟုတ်ပါဘူး။ ဒေါသ၊ မာန စတဲ့တခြားကိလေသာတွေ အားလုံးလည်း ဝါသနာအငွေ့အသက်မရှိသလောက် ကင်းစင်ပါတယ်။

"သည်းခံမှုအား သိပ်ကောင်းတယ်"ဆိုတာ ဟုတ်မဟုတ် စမ်းသပ်တဲ့အနေနဲ့ ဆွမ်းခံထွက်နေစဉ် ကျောပြင်ကို လက်ဝါးနဲ့တအားရိုက်နှက်ခဲ့တဲ့ ပုဏ္ဏားတစ် ယောက်ကိုလည်း လုံးဝစိတ်မဆိုးဘဲ အရှင်သာရိပုတ္တရာ ခွင့်လွှတ်ခဲ့ဖူးပါတယ်။ မတော်တဆ သင်္ကန်းစွန်းနဲ့ ထိမိတာကို ရန်ငြိုးဖွဲ့ပြီး ပြဿနာရှာတဲ့ ရဟန်းတစ်ပါးကိုလည်း လုံးဝစိတ်မခုဘဲ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီး သည်းခံခွင့်လွှတ်ဖို့ အရှင်သာရိပုတ္တရာ တောင်းပန်ခဲ့ဖူးပါတယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ရဲ့ ဆိုဆုံးမလွယ်မှု၊ ဆရာသခင်ကျေးဇူးရှင်ကို ဦးထိပ်တင်မှု၊ ခေါင်းဆောင်ကောင်းပီသမှု၊ စိတ်ဓာတ်ပြတ်သားမှု၊ သည်းခံ ခွင့်လွှတ်နိုင်မှု..... စတဲ့ စွမ်းရည်သတ္တိတွေကို ရည်ညွှန်းပြီးတော့ပဲ အနာထပိဏ်နတ်သားက "ကိလေသာငြိမ်းအေးမှု ဂုဏ်အားဖြင့်လည်း အရှင်သာရိပုတ္တရာသာ အသာဆုံး၊ အမြတ်ဆုံးရဟန်း၊ အနိုင်းမဲ့ရဟန်း" လို့ မြတ်စွာဘုရားရှင်ကိုလျှောက်ထားခဲ့တာပါ။ မြတ်စွာဘုရားရှင်ကလည်း ဟုတ်မှန်ကြောင်း အတည်ပြုခဲ့တာပါ။

တစ်လောကလုံးရဲ့ အနိုင်းမဲ့ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်က အရှင်သာရိပုတ္တရာဟာ အနိုင်းမဲ့ရဟန်းဖြစ်ပါတယ်လို့ "သာရိပုတ္တောဝ ပညာယ၊ သီလေန ဥပသမေန စ။ ယောပိ ပါရင်္ဂတော ဘိက္ခု၊ ဧတာဝ ပရမော သိယာ" ဆိုတဲ့ စကားတော်နဲ့ အနာထပိဏ်နတ်သားရဲ့ လျှောက်ထားချက်ကို အတည်ပြုသောအားဖြင့် ဟောကြားညွှန်ပြထားတာမို့ လူသားတိုင်း လူသားတိုင်း အနိုင်းမဲ့ရဟန်းဖြစ်တဲ့ အရှင်သာရိပုတ္တရာရဲ့ စိတ်ဓါတ်နဲ့လုပ်ရပ်တွေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှတ်သားပြီး စွမ်းအားရှိသမျှ အတုယူကျင့်သုံးနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

# ဟာသ

## အကျင့်ပါနေလို့

သူဌေးက သူ့အခန်းထဲကနေလှမ်းခေါ်လိုက်တယ်။

“ဟေ့တစ်ယောက်လာစမ်း”

သူဌေးရဲ့ ခေါ်သံကြားတော့ မန်နေဂျာက ထဝင်သွားတယ်။

“ခင်ဗျားကို ဘယ်သူခေါ်လို့လဲ”

“ဆရာပဲ တစ်ယောက်လာစမ်းဆို”

“တစ်ယောက်ဆိုတာ ဝန်ထမ်းထဲက တစ်ယောက်ကိုခေါ်တာပါဗျာ၊ လက်ဖက်ရည် ဖျော်ခိုင်းမလို့”

“ကျွန်တော်က အိမ်မှာလဲ တစ်ယောက်လာစမ်းဆိုရင် သွားနေကျမို့ပါ”

## ဟင့်အင်း

ရုံးအုပ်ကြီးကိုသာလောင်က တစ်နယ်သူမိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ ကောင်မလေးက ကိုသာလောင်ဆီ လိုက်လာရတာပေါ့။ မင်္ဂလာဆောင်ပြီးတစ်လလောက်နေတော့ ကောင်မလေးနဲ့ လမ်းထဲကမိန်းမကြီးတွေ ခင်သွားရော။ သည်တော့ မိန်းမကြီးတစ်ယောက်က

“သာလောင်နဲ့ပြောရဆိုရတာ အဆင်ပြေရဲ့လား”

“ပြေပါတယ် ဒေါ်ဒေါ်၊ ကျွန်မဘာပြောပြော နားထောင်တယ်၊ ဘာခိုင်းခိုင်းလုပ်ပေးတယ်၊ ကျွန်မကြိုက်တတ်တာကို မှတ်ထားပြီး ဝယ်လာပေးတယ်၊ ကျွန်မကိုလဲ ဘာတစ်ခုမှ မခိုင်းဘူး”

“ဒါဖြင့် သူစကားထစ်တာ ငါ့တူမမသိဘူးပေါ့”

## အနာခံမယ်

“မိန်းမကြောင့်ရတဲ့ ဒုက္ခကို အိမ်ထောင်ကျဖူးမှသိတာကွ၊ မင်းတို့ကို အဲဒီဒုက္ခမျိုးမကြုံစေချင်ဘူး”

“ဖေဖေပဲ ငွေရှာရတာ တစ်ဖက်၊ ချက်ရပြုတ်ရ၊ အိမ်စောင့်ရနဲ့ လူတစ်ယောက်တော့လိုတယ်ဆို”

“အေးလေအဲဒါကြောင့် အဖေတစ်ယောက်အနေနဲ့ ငါပဲအနစ်နာခံဖို့ ဆုံးဖြတ်ထားတယ်”

## အိပ်မက်

မနက်အိပ်ရာထမှာ ကုမ္ပဏီသွားဖို့ ပြင်နေတဲ့သူဌေးနားကို သူ့ရဲ့ဇနီးကလာရပ်ပြီး

“မောင် မနေ့က ကျွန်မတို့ရဲ့ မင်္ဂလာငွေရတုနော်”

“အေးလေ အဲဒါဘာဖြစ်လဲ၊ ညှော်ခံပွဲတောင်လုပ်သေးတာပဲ”

“မနေ့ညကလေ ကျွန်မအိပ်ရာ မဝင်ခင် မင်္ဂလာရွှေရတုပါကျင်းပနိုင်ပါစေလို့ ဆုတောင်းပြီး အိပ်လိုက်တယ်၊ ကျွန်မဆုတောင်းရင် အလိုပြည့်တာ သေချာတယ်”

“ဒါကြောင့် ငါခေါင်းဆင်နင်းခံရတယ်လို့ အိပ်မက် မက်တာကိုး”

မှတ်မိသမျှ စီးပွားရေးဟာသ (ကံချွန်)

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

February 26th မှ Marth 4th ကြား

မတော်တဆ ထိရှမှုဂရုစိုက်ပါ။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရတတ်သည်။ ရန်မနာလိုသူများ ဝန်းရံနေသည်။ မူလရည်မှန်းသည့်ကတစ်မျိုးလက်တွေ့တစ်မျိုးဖြစ်မည်။ ခက်ခက်ခဲခဲဆောင်ရွက်ရမည့်ကိစ္စများကို ရှောင်တိမ်းမနေဘဲ လက်ငင်းဖြေရှင်းလိုက်ပါ။ ဤကာလအတွင်း ဆောင်ရွက်ရမည့်ကိစ္စများကို ဆိုင်းငံ့လိုက်က ပြဿနာအထိပင်ကြုံနိုင်သည်။ စက်ပစ္စည်းများသတိထား၍ ကိုင်တွယ်ပါ။ မတော်တဆထိခိုက်တတ်သည်။ လျှပ်စစ်မီးအန္တရာယ်ဂရုစိုက်ပါ။ အိမ်အနီးအပါး၌ မီးလန့်ခြင်းဖြစ်တတ်သည်။ အကြီးအကဲကျန်းမာရေးဂရုစိုက်ရမည်။ အလုပ်လမ်းကြောင်းအဟောင်းရပ်၍ အသစ်စတင်ရမည်။ အဆင်ပြေမည်။ ဆောင်ရွက်ထားသည့်ကိစ္စများမှ ကောင်းသောအကျိုးဆက်ရရှိခံစားရမည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

February 26th မှ Marth 4th ကြား

အရာရာတလွဲတချော်ဖြစ်ပြီးမှ အလိုပြည့်စုံမည်။ ကြိုတင်တွက်ဆပြီးလုပ်၍မရ။ ပေါ်ပေါက်လာသည့် အခြေအနေကို အသုံးချ၍ ရှေ့တိုးလုပ်ဆောင်ရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ဆိုင်းငံ့ထားသည့် ကိစ္စအချို့ပုံမှန်ဆောင်ရွက်ရမည်။ လူလိမ်လူညစ်များနှင့်နေ့စဉ်ဆက်ဆံရမည်။ အပြောင်းအလဲအတွက် တာဆူသောကာလဖြစ်သည်။ စိတ်တိုင်းကျ အပြောင်းအလဲမဟုတ်လင့်ကစားစိတ်ကူးကောင်းများ၏ အကျိုးဆက်ကောင်းရရှိမည်။ အမှုအခင်းသတိရှိပါ။ အပြောအဆို အထူးဂရုစိုက်ပါ။ ကိုယ်က မှန်သည်ဟု ထင်၍ ဆောင်ရွက်လိုက်သောကိစ္စများသည်အမှုအခင်းနှင့် အနှောင့်အသွားမလွတ်သလိုဖြစ်နေမည်။ မိမိကိုယ်မိမိ ထိန်းချုပ်ပါ။ ငွေကြေးအပေးအယူဂရုစိုက်ပါ။ ခရီးသွား၍ အကျိုးရှိသည်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

February 26th မှ Marth 4th ကြား

သူများပြဿနာကိုယ့်ပြဿနာ ဖြစ်တတ်သည်။ ရန်အတိုက်အခံများ၊ အခက်အခဲများနှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်းများ  ရှိမည်။ မှန်းထားသည်နှင့် လက်တွေ့အလုံးစုံကွာဟနေမည်။ ကိုယ်ဆောင်ရွက်သည့် ကိစ္စမှန်သမျှတို့ကို ဝေဖန်နှောင့်ယှက် ဒုက္ခပေးသူများနှင့်တွေ့မည်။ ကျန်းမာရေးချူချာမည်။ ဘာသာရေးဆိုင်ရာကိစ္စများ၊ ကုသိုလ်ကောင်းမှုများ ဆောင်ရွက်မည်ဆိုက အနှောင့်အယှက်ကြုံမည်။ အပျော်အပါးအသောက်အစား ဆောင်ရွက်မည်ဆိုက အဖော်အပေါင်းများကာ ချက်ချင်းအရာရာကို အထောက်အကူရ၍ ပျော်ရွှင်နိုင ခြင်းရှိမည်။ အပေါင်းအသင်းမှားတတ်သည်။ အချစ်မှား၊ လူပေါင်းမှား၊ ဆုံးဖြတ်ချက်မှားခြင်းများကြုံမည်။ ရှေ့တိုးမရ၊ နောက်ဆုတ်မရလုပ်သမျှတန့်နေသော အနေအထားရှိမည်။ အရပ်တစ်ပါးမှ စိုးရိမ်ဖွယ်ရာ၊ စိတ်သောကဖြစ်စရာ သတင်းစကားကြားရမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

February 26th မှ Marth 4th ကြား

ရန်များမည်။ အတိုက်အခံများနှင့်ထိပ်တိုက်ရင်ဆိုရမည်။ လူယုံဒုက္ခပေးတတ်သည်။ မူလစိတ်ကူးထားသည်ကတစ်မျိုး၊ လက်တွေ့ဆောင်ရွက်ရသည်ကတစ်မျိုးကြုံမည်။ သူတစ်ပါးနှင့်မတူသော ပုံမှန်ဆောင်ရွက်နေသည့် လမ်းကြောင်းတွင်သူတစ်ပါးနှင့်မတူသည့် အခွင့်အရေးများရမည်။ ရည်မှန်းထားသည်များ အကောင်အထည်ဖော်ရန်ခက်ခဲမည်။ စိတ်ရှည်ရမည်။ လူမျိုးခြားများနှင့်တိုက်ရိုက်ဆက်စပ်ပြီးမှ အဆင်ပြေမည်။ ရန်မနာလိုသူများ၊ အပြိုင်အဆိုင်များနှင့်ထိပ်တိုက်တွေ့မည်။ စိတ်လိုက်မာန်ပါ တဇွတ်ထိုးလုပ်လိုစိတ်များနေမည်။ စိတ်ခံစားချက်ထက်ရှနေမည်။ တစ်ပါးသူအပေါ် သည်းခံလိုစိတ်နည်းနေမည်။ အခက်အခဲနှင့်တွေ့လေအစွမ်းအစထက်မြက်လေဖြစ်မည်။ မတော်တဆ ထိခိုက်မှုများသတိရှိရမည်။ ငွေမချေးရ။ ဆုံးမည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

February 26th မှ Marth 4th ကြား

ရည်မှန်းချက်ရည်ရွယ်ချက်နှင့် စိတ်ဆန္ဒရှိသည်များ ရှေ့တိုးလုပ်ကိုင်၍ အဆင်ပြေမည်။ ဆောင်ရွက်သမျှ အောင်မြင်မည်။ အခက်အခဲများကို ကျော်လွှားနိုင်မည်။ ယှဉ်ပြိုင်လာသူအားလုံးကို ကျော်လွှား၍ လိုရာဆန္ဒရမည်။ ကံအရှိန်မြင့်မားမည်။ ရှေ့တိုးဆောင်ရွက်မရတစ်ပိုင်းတစ်စဖြစ်နေသော လုပ်ငန်းများကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ မိတ်ကောင်းဆွေကောင်းများထံမှ ထူးခြားသော အထောက်အကူရမည်။ စုပေါင်းလုပ်ငန်းများမှ ထူးခြားသော အကျိုးဆက်ရမည်။ ပြောင်းလဲမှုများအပေါ် အလိုက်သင့် အလျားသင့် လိုက်လံဆောင်ရွက်ရင်း ကံအခြေအနေအလုံးစုံ ပြောင်းလဲတိုးတက်သွားမည်။ အလုပ်တိုးတက်မည်။ မြင့်မားသော အဆင့်တစ်ခုသို့ရောက်ရှိမည်။ ရှေ့အနာဂတ်အတွက် အလားအလာကောင်းသောအလုပ်ကိစ္စများ ဆောင်ရွက်ခြင်း၊ ဘဝအဆင့်တိုးတက်ခြင်းရှိမည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

February 26th မှ Marth 4th ကြား

အထူးကောင်းသည်။ ရည်ရွယ်ချက်များအောင်မြင်မည်။ လိုအင်ဆန္ဒရှိသည်များကို လက်တွေ့အသုံးချ၍ အဆင့်ဆင့်တိုးတက်အောင် ဆောင်ရွက်နိုင်မည်။ အပြိုင်အဆိုင်ကြားမှ တက်လမ်းပေါ်ပေါက်နိုင်မည်။ သူတစ်ပါးနှင့် မတူ ခြားနားသော လမ်းကြောင်းမှ အောင်မြင်မှုအဆင့်ဆင့်ဖန်တီးနိုင်မည်။ မိတ်ကောင်းဆွေကောင်း အကူအညီရမည်။ ဓနဥစ္စာတိုးပွားမည်။ ပညာကိစ္စဆောင်ရွက်သူများအဖို့ ထူးခြားစွာအောင်မြင်နိုင်ခြင်း ကံပွင့်မည်။ ငွေကြေးမြှုပ်နှံခြင်း၊ လုပ်ငန်းချဲ့ထွင်ခြင်းမှ ထူးခြားသော အကျိုးဆက်ရမည်။ နေအိမ်နေရာ၊ ဆက်ဆံရသောဝန်းကျင်အတွင်း၌ အပြောင်းအလဲကောင်းများဖြစ်မည်။ မိသားစု၊ မောင်နှမသားချင်းတို့နှင့်ပတ်သက်သော တိုးတက်မှုအခြေအနေကောင်းရှိမည်။ အဆုတ်အအေးမိတတ်သည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

February 26th မှ Marth 4th ကြား

တစ်ခုထက်မကသော လုပ်ငန်းများကို တစ်ပြိုင်နက်တည်းလုပ်ကိုင်ရမည်။ အခက်အခဲများကို ပြေလည်အောင်ဖြေရှင်းနိုင်မည်။ ရပ်တန့်ထားသောလုပ်ငန်းများပြန်လည်ဆောင်ရွက်အဆင်ပြေမည်။ ပြဿနာဟောင်းများပြန်လည်အဆင်ပြေအောင် ဖြေရှင်းနိုင်မည်။ ခရီးနှင့်ပတ်သက်သောကိစ္စများ အောင်မြင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် တိုက်ရိုက်လုပ်ကိုင်သောကိစ္စများ အဆင်ပြေမည်။ မတော်တဆထိခိုက်မှုများဖြစ်တတ်သည်။ တနင်္လာနေ့၊ ကြာသပတေးနေ့မွေးသောသူနှင့်ပတ်သက်၍ စိတ်ရှုပ်စရာများကြုံမည်။ အိမ်တွင်းရေးအညံ့ရှိသည်။ လူမှုရေးပြဿနာများကိုလည်း ဖြေရှင်းရမည်။ မြုံ၊ ကား၊ အခန်းကိစ္စအဆင်ပြေသွားမည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

February 26th မှ Marth 4th ကြား

အခက်အခဲကြားမှတိုးတက်မည်။ စိတ်အနှောင့်အယှက်များကင်းဝေးမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ကြီးကဲသောသူများထံမှ အကြံကောင်းရမည်။ စပ်တူလုပ်ကိုင်ရန်ကမ်းလှမ်းက လက်ခံပါ။ အလှူအတန်းကိစ္စများပတ်သက်ဆက်နွယ်ဆောင်ရွက်ရမည်။ မိတ်ဆွေထံမှအကူအညီရမည်။ ဆောင်ရွက်ထားသောလုပ်ငန်းများမှ အကျိုးအမြတ်ကောင်းရမည်။ သူတစ်ပါးနှင့်မတူသောလမ်းကြောင်းမှ ရှေ့တိုးလုပ်ကိုင်ရင်းထူးခြားသော တိုးတက်မှုများရရှိမည်။ ကာလအတန်ကြာမပြတ်မသား ဝေဝါးနေသောကိစ္စရပ်များကိုပြီးမြောက်အောင်ဆုံးဖြတ်နိုင်သည်။ ဆုံးနေပြီပြန်မရတော့ဟု တထစ်ချသတ်မှတ်ထားသောငွေ၊ ပစ္စည်းများပြန်ရမည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

February 26th မှ Marth 4th ကြား

အရာရာအဆင်ပြေ၍ ထူးခြားအောင်မြင်သောအခြေအနေကောင်းသို့ ဦးတည်ဖြစ်ထွန်းမည်။ အဆင့်မြင့်သော ဘဝအခြေအနေသို့ဦးတည်သည်။ အညံ့အဆိုးအားလုံးစုံမှ လွတ်မြောက်မည်။ ဆောင်ရွက်လိုသောကိစ္စမှန်သမျှသည် တစ်ပါးသူပြောစမှတ်ပြုလောက်အောင် ထူးခြားသောအနေအထားရှိမည်။ ဆုံးဖြတ်လုပ်ဆောင်သမျှသည် ထင်ရှားသောအနာဂတ်ကိုဖြစ်စေမည်။ နာမည်အောင်မြင်မှုနှင့် အလိုပြည့်ခြင်းကို ရစေမည်။ မိသားစုတွင် မြုပ်နေသောငွေ ပြန်ပေါ်မည်။ လုပ်ငန်းဝင်ငွေ တိုးပွားမည်။ အလှူမင်္ဂလာကိစ္စကြုံမည်။ လမ်းသစ်ထွင်ပြီး လုပ်ကိုင်လိုက်သောကိစ္စများမှ ထူးခြားသော တိုးတက်မှုရမည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

February 26th မှ Marth 4th ကြား

ဘဝလမ်းကြောင်း အပြောင်းအလဲနှင့် အလိုရှိရာဆောင်ရွက်နိုင်ခြင်းနှင့် ထူးခြားသောဖြစ်ပေါ်မှုရှိမည်။ ဘဝလမ်းကြောင်းတစ်ခုကို ရပ်၍ လမ်းသစ်တစ်ခုသို့ကူးပြောင်းတိုးတက်သော အနေအထားရှိသည်။ အခက်အခဲများကို ကျော်လွှားပြီး တက်လမ်းသစ်များဖန်တီးနိုင်မည်။ ကျန်းမာရေးဂရုစိုက်ရမည်။ ရန်အတိုက်အခံ ကျော်လွှား၍ အလိုပြည့်စုံခြင်း အဆင့်ဆင့်ကြုံမည်။ ထူးခြားသော ငွေဝင်လမ်းပေါ်ပေါက်မည်။ ကြိုတင်၍ တွေးမြင်ထင်မှတ်ထားခြင်းမရှိသော ကောင်ခြင်းများ၊ အဆင်ပြေခြင်းများကိုရရှိမည်။ အရွေးရခက်အောင် အခွင့်အရေးနစ်ခွပေါ်မည်။ ဘဝလမ်းကြောင်းသစ်တစ်ခုသို့ ကူးပြောင်းသောကာလဖြစ်သည်။ အရပ်ဝေးနှင့် အဆက်အသွယ်လမ်းကြောင်းများပွင့်မည်။ ညာခြေ၊ ညာလက်တွင် မတော်တဆ ထိခိုက်တတ်သည်။ ယာဉ်၊ ကားမောင်းနှင့်မှုသတိပြုပါ။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

February 26th မှ Marth 4th ကြား

အလုပ်အကြံအစည်မှန်သမျှ သတိတရားနှင့် ယှဉ်ပြီးလုပ်ကိုင်ရပေမည်။ ဖြစ်ပေါ်လာသော အပြောင်းအလဲများကို စနစ်တကျသုံးသပ်ပြီး ခိုင်မာသောတိုးတက်မှုများကိုဖန်တီးနိုင်သည်။ ငွေကြေးကိစ္စအတွက် စကားအတိုက်အခံများပြောဆိုရမည်။ စာရွက်စာတမ်းကိစ္စလက်ပြောင်းလက်လွှဲမှ အစသတိရှိရမည်။ ချက်ချင်းဆုံးဖြတ်ပြီးအကျဉ်းရုံးပြီးဆောင်ရွက်လိုက်သော ကိစ္စများမှ တိုးတက်သော အခြေအနေကောင်းများရရှိမည်။ ကြားဝင်၍ တာဝန်ယူအာမခံပြီးဆောင်ရွက်သော ကိစ္စများမှ အခက်အခဲများပေါ်ပေါက်လာတတ်သည်။ မိသားစုရေး၊ အိမ်တွင်းရေးကိစ္စများရှုပ်ထွေးတက်သည်။ အမှုပြဿနာ ရှုပ်ထွေးသောသူများ၊ စကားအရှုပ်အထွေးလုပ်တတ်သောသူများကြောင့် အထင်လွဲမှုများဖြေရှင်းရခြင်းနှင့် လူမှုရေးကိစ္စရှုပ်ထွေးခြင်းများဖြစ်မည်။ သူတစ်ပါးဆောင်ရွက်ထားသော ပြဿနာများဓားစာခံသဖွယ် စုပုံဖြေရှင်းရသောကိန်းကြုံမည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

February 26th မှ Marth 4th ကြား

လုပ်ငန်းကိစ္စအလုံးစုံ အစကောင်းသလောက် အဆုံးသတ်အနှောင်းပိုင်းတွင် အလွဲလွဲအချော်ချော်အနှောင့်အယှက်များ ကြုံတတ်သည်။ မူလစိတ်ကူးထားသည်တို့ကို အဆုံးသတ်ဆုံးဖြတ်ကာနီး၌ အနှောင့်အယှက် အမြောက်အများတွေ့မည်။ သူ့လူကိုယ့်ဘက်သားလုပ်၍ ဒုက္ခပေးသူများနှင့် တွေ့ကြုံရတတ်သည်။ အသွားအလာဂရုစိုက်ရမည်။ ဆွေမျိုးသားချင်းများနှင့် စကားအခြေအတင်ပြောရတတ်သည်။ သူစိမ်းလူမျိုးကွဲ၊ လူမျိုးခြားများနှင့် ဆက်စပ်၍အကျိုးပေးမည်။ စိတ်ချမ်းမြေ့စရာများရှိမည်။ လျှပ်စစ်ပစ္စည်းများကို သတိနှင့်ကိုင်တွယ်ပါ။ ဓာတ်လိုက်တတ်သည်။ အရောင်းအဝယ်ကိစ္စမှန်သမျှ သတိနှင့်ဆောင်ရွက်ပါ။ ငွေကြေးပေးချေခြင်းကိစ္စအပေါ် အငြင်းပွားရခြင်းကြုံနိုင်သည်။

## အားကစား

# ဆယ်စုနှစ် တစ်ခုကျော် မကျင်းပ ဖြစ်ခဲ့သော မြို့နယ်ပေါင်းစုံ စစ်တုရင် ပြိုင်ပွဲ ပြန်လည် ကျင်းပမည်

၂၀၁၀ခုနှစ်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရန်ကုန်တိုင်းမြို့နယ်ပေါင်းစုံ(တစ်ဦးချင်းနှင့် အသင်းလိုက်)အပြည်ပြည်ဆိုင်ရာစစ်တုရင်ပြိုင်ပွဲအား ၁၉.၂.၂၀၁၀ရက်မှ၂၈.၂.၂၀၁၀ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်း၊ မိုလုံလေလုံ အားကစားရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်း စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်ထံမှ သိရသည်။ ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲများအား ကျင်းပဖြစ်ခဲ့သော်လည်း မြို့နယ်ပေါင်းစုံပြိုင်ပွဲများ မကျင်းပဖြစ်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော် ရှိခဲ့ကြောင်း သိရသည်။ ရန်ကုန်တိုင်းစစ်တုရင်အသင်းသည် ၂၀၁၀စက်တင်ဘာ ၂၇မှ အောက်တိုဘာ၁၁အထိ ကျင်းပမည့် ၃၅ ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲတွင် အောင်မြင်မှု ရရှိနိုင်ရန်နှင့် မြန်မာ့စစ်တုရင်အားကစားဖွံ့ဖြိုးတိုးတက်ရန်အတွက်ရည်ရွယ်၍ယခုပြိုင်ပွဲကိုကျင်းပခြင်းဖြစ်ကြောင်းသိရသည်။တစ်ဦးချင်းပြိုင်ပွဲအား ၉ချီswiss system ဖြင့်ပြုလုပ်၍ အသင်းလိုက်ပြိုင်ပွဲအား တစ်ဦးချင်းအဆင့်ပေါင်းလျှင်ဖြင့်တွက်ချက်မည်ဖြစ်ကြောင်းသိရသည်။မြို့နယ်အလိုက်မြို့နယ်တွင်းနေထိုင်သူ၊အနည်းဆုံး၃ဦးပါဝင်၍အခြားမြို့နယ်များမှ၂ဦးပါဝင်ခွင့်ရှိသည့်အသင်းတစ်သင်းစီ ဖွဲ့စည်းခွင့်ရှိပြီးအနည်းဆုံး ၄ဦးမှ ၅ ဦးအထိ ပါဝင်ဖွဲ့စည်းရမည်ဖြစ်ကာ ဖွဲ့စည်းပုံမပြည့်မီပါက တစ်ဦးချင်းပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ဆုချီးမြှင့်ခြင်းတွင် အသင်းလိုက် ပထမဆု ရွှေတံဆိပ်လည်ဆွဲ ၅ ဆုနှင့် တံခွန်စိုက် ဒိုင်း၊ ဒုတိယခု ငွေတံဆိပ်လည်ဆွဲ ၅ ခု၊တတိယခု ကြေးတံဆိပ်လည်ဆွဲ ၅ ခုချီးမြှင့်မည်ဖြစ်ပြီးတစ်ဦးချင်းဆုတွင်အဆင့်တစ် Trophy နှင့် ၃သိန်း၊ အဆင့်နှစ် Trophy နှင့် ၂ သိန်း၊ အဆင့်သုံး Trophy နှင့်၁ သိန်း ၊အဆင့် ၄ မှ ၁၀ အထိအားMedal တစ်ခုစီနှင့် ၈သောင်း၊ ၇သောင်း၊ ၆သောင်း၊ ၅သောင်း၊ ၄သောင်း၊၃သောင်း၊ ၂သောင်းနှင့်နှစ်သိမ့်ဆု ၅ဆုအား ၁သောင်းကျပ်စီ ချီးမြှင့်မည်ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့ထုတ်News Watch Weekly ဂျာနယ်တွင် ဖော်ပြထားပါသည်။

# အနုပညာ

## ငွေကြေးကိုအဓိကမထားဘဲ ကိုယ့်ဝါသနာကို ဖော်ထုတ်ခွင့်ရလို့ ဝမ်းသာပါတယ်ဆိုတဲ့ အောင်သူရ

သရုပ်ဆောင်အောင်သူရကို အခုတစ်လော လူစည်ကားရာ ဈေးထဲ၊ အရပ်ထဲမှာ ပရိသတ်တွေနဲ့ လိုက်လံတွေ့ဆုံနေတာ။ ပရိသတ်တွေကလဲ သူနဲ့တွေ့လို့ ပွဲကျနေတာ နေရာတော်တော်များများမှာ တွေ့ရပါတယ်။ ရည်မွန်သန့်ပြန့်တဲ့ ရုပ်ရည်နဲ့ ပကာသနမဖက်တဲ့ ဟန်ပန်အမူအရာကြောင့် မြန်မာစစ်စစ်မင်းသား၊ မင်းသမီးတွေထက်တောင် ပိုပြီးချစ်ခင်စွာနဲ့ သူ့ရဲ့ဇာတ်ကားကို လာရောက်အားပေးကြတဲ့ပရိသတ်တွေ အများကြီးပါပဲ။ အောင်သူရမို့စကားပြောရင် နိုင်ငံခြားသားကြီးတစ်ယောက်က မြန်မာစကားပြောသလို နားထောင်ရတာ ရယ်စရာကောင်းပေမယ့် အဲဒီလိုကြိုးစားပမ်းစားပြောနေပုံလေးကို ပရိသတ်တွေက ချစ်ခင်နှစ်သက်ကြပါတယ်လို့ အတိတ်၏အရိပ်ကို သွားရောက်ကြည့်ရှုသူပရိသတ်တွေက ဝေဖန်ကြပါတယ်။ ကိုယ်တိုင်လူစည်ကားရာတွေကို သွားပြီး ကြော်ငြာ၊ လက်ကမ်းပိုစတာလေးတွေဝေနေတဲ့ အောင်သူရကတော့ ပရိသတ်ရဲ့အားပေးမှုကိုသာ မျှော်လင့်တဲ့သူဖြစ်ပြီး ငွေကြေးကို အဓိကမထားတတ်တဲ့သူပဲ ဖြစ်ပါတယ်။ "ကျွန်တော်ဒီကားကိုရိုက်တာ ငွေကြေးအဓိကထားတာမျိုးမရှိခဲ့ဘူး။ ကျွန်တော့် အနုပညာကို ပရိသတ်သိအောင်ဖော်ထုတ်ခွင့်ရတာကိုပဲ ကျေနပ်တယ်။ ဒီကားအတွက်ကြော်ငြာစရိတ်တွေ အပါအဝင် ငွေကျပ်သိန်း ၂၅၀၀လောက်သုံးခဲ့ရပေမယ့် အဲဒီလောက်ပြန်ဝင်ဖို့ မဖြစ်နိုင်ဘူးလေ။ ကျွန်တော်တို့မြန်မာလူမျိုးတွေ မရောက်ဘူးတဲ့၊ မမြင်ဘူးတဲ့ဒေသတွေကို သွားရောက်ရိုက်ကူးပြသခဲ့တာကိုပဲ ကျွန်တော့်အနေနဲ့ ဂုဏ်ယူပါတယ်။ ဆွစ်ဇာလန်မှာပြသဖို့လဲ လုပ်ထားပါတယ်။ ဟိုမှာလဲပြရင်တော့ ဝင်ငွေနည်းနည်းပြန်ဝင်မှာပေါ့"လို့ အတိတ်၏အရိပ်ဇာတ်ကားနဲ့ ပတ်သတ်ပြီး အောင်သူရကဆိုပါတယ်။ ပရိသတ်အားပေးရင် နောက်ထပ် ဇာတ်ကားတွေလည်း ဆက်ရိုက်ဖို့ရှိပါတယ်။ ကြိုးစားသွားမှာပါလို့ သူကဆက်ပြောခဲ့ပါတယ်။ မြန်မာတွေကိုချစ်တဲ့ စိတ်ရင်းနဲ့ငွေကုန်ကြေးကျအများကြီးခံပြီး ရိုက်ကူးခဲ့တဲ့ အဲဒီဇာတ်ကားကတော့ အောင်သူရအတွက်တင်မက မြန်မာ့ရုပ်ရှင်အတွက်လည်း မှတ်တိုင်တစ်ခုဖြစ်မှာသေချာပါတယ်။

(၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ၂၅ရက်နေ့ထုတ်ရန်ကုန်တိုင်း(မ်)ဂျာနယ်)

## တစ်ကိုယ်တော်အခွေအတွက် ပရိုဂျူဆာရှာနေတဲ့ ချစ်စနိုးဦး

အနုပညာသက်တမ်းကြာလာတဲ့အမျှ သရုပ်ဆောင်လောကမှာ နေရာတစ်နေရာကို ခိုင်ခိုင်မာမာရယူထားနိုင်တဲ့ ချစ်စနိုးဦးဟာ ဂီတလောကဘက်ကိုလည်း ထိုးဖောက်နေရာယူလျက်ရှိပါတယ်။ လတ်တလောမှာ မြဝတီနှစ်ပတ်လည်အတွက် သီချင်းရိုက်ပေးခဲ့ပြီး အတွဲခွေတွေမှာလည်း ပါဝင်သီဆိုထားတဲ့ ချစ်စနိုးကိုတစ်ကိုယ်တော်အခွေထွက်ဖို့ရောရှိလားလို့မေးတဲ့အခါ "တစ်ကိုယ်တော်အခွေထွက်ချင်ပါတယ်၊ လောလောဆယ်တော့မလုပ်ဖြစ်သေးဘူး၊ ပရိုဂျူဆာ ရှာမှပဲလုပ်ချင်တယ်" လို့ဆိုပါတယ်။ Rock သီချင်းတွေဆိုရတာနှစ်ခြိုက်တဲ့ ချစ်စနိုးဦးကပြီးခဲ့တဲ့ အကယ်ဒမီပွဲမှာတော့ မြန်မာဆန်တဲ့ ဝတ်စုံနဲ့လိုက်ဖက်မှုရှိအောင် Black Hole အဖွဲ့ရဲ့ သနပ်ခါးသီချင်းကို သီဆိုခဲ့ပါတယ်။ အတွဲအနေနဲ့ ချစ်စနိုးဦးပါဝင် သီဆိုထားတဲ့ ဖေရယ်ကွင်း(၂)အခွေထွက်ဖို့ရှိပြီး အခြားအတွဲခွေတွေလည်း မကြာခင်ထွက်မယ်လို့ သိရပါတယ်။ သရုပ်ဆောင်ဘက်မှာနေရာယူနိုင်သလို ဂီတဘက်မှာလည်း အောင်မြင်ဖို့အလားအလာရှိတဲ့ ချစ်စနိုးဦးဟာ ဒါရိုက်တာစင်ရော်မောင်မောင်ရိုက်ကူးမယ့် ပန်းကြာဝတ်မှုန်ရုပ်ရှင်ကားကြီးမှာလည်း ပါဝင်သရုပ်ဆောင်မယ်လို့ ပြောကြားခဲ့ပါတယ်။ တစ်လောက "ရင်ကွဲနာ" ရုပ်ရှင်မှာလည်း ပါဝင်သရုပ်ဆောင်ခဲ့တဲ့ချစ်စနိုးဦးကို လုပ်ကွက်ရတဲ့ ကားကြီးတွေမှာ ပါဝင်ခွင့်ရနေတာမို့ အကယ်ဒမီချစ်စနိုးဦးဖြစ်ဖို့နီးလာပြီလားလို့ မေးတဲ့အခါ "မပြောရဲပါဘူး။ သမီးကတော့ ကားကြီးတွေရိုက်တိုင်း မျှော်လင့်မိပါတယ်၊ ရမယ်ဆိုရင်လိုချင်တာပေါ့" လို့ ပြောပြီး ရယ်နေပါတယ်။

(၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ၂၅ရက်နေ့ထုတ် Myanmar News Weekဂျာနယ်)